မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၉၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီဂျစ်အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ဟို(စ်)နီ မူဘာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အီဂျစ်အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၇ ခုနှစ် ဇူလိုင်၂၃ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ အာမက်နာဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဆင်ဘိုမြို့ (၁၆)ခုတင်ဆံ့ဆေးရုံ တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်၊ စပါးအထွက်တိုးရေး အလေးထားလုပ်ကိုင်ဆောင်ရွက် ဒေသနှင့်ကိုက်ညီသည့် ရော်ဘာ၊ ကော်ဖီ၊ ငရုတ်ကောင်း စားသုံးသီးပင်များ စီးပွားဖြစ်စိုက်ပျိုး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်အောင်မြင်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ ရေယာဉ်ဖြင့် မြစ်ကြီးနား–ဆင်ဘို ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ဝဲယာ၌ မြစ်ကြီးနားမြို့နယ်၏ မိုးစပါးစိုက်ပျိုးထားရှိမှု၊ သဘာဝသစ်တောများ အခြေအနေနှင့် ဧရာဝတီမြစ်၏ ရေလမ်းကြောင်းစီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီခွဲတွင် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား ဆင်ဘိုမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ဆင်ဘိုဆိပ်ကမ်းမှ ကြိုဆိုကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်၊
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၃ ရက်)

ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြိုးပမ်းဖော်ဆောင်

ကြက်သွန်နီသည် လူတို့အတွက် အာဟာရဓာတ် ပြည့်ဝစေသည်။

အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်သော ကြက်သွန်နီသည် အသားအရေကို ချောမွတ်စေသည်။ စိတ်ကြည်လင်စေပြီး အသိဉာဏ်ထက်မြက်နိုးကြားစေသည်။ နှလုံးကို ကြံ့ခိုင်စေကာ အသက်ရှည်ခွန်အားကြီးခြင်းကို ပေးစွမ်းနိုင်သည်။

တိုင်းရင်းဆေးကျမ်းများအဆိုအရ ကြက်သွန်နီသည် ဝမ်းမီးကောင်းစေ၍ အစာကြေစေသည်။ သွေးကြောပွင့်စေပြီး နားကိုက်၊ နားပြည်ယို၊ သွားပိုးစား၊ ချောင်းဆိုး၊ အဆုတ်ရောင်ရောဂါတို့ကို သက်သာစေသည်။ အသည်းရောင်၊ အသားဝါ၊ ဖောရောင်ခြင်း၊ ဆီး၊ အရေပြား၊ သွေးအားနည်းရောဂါတို့အတွက် ဓာတ်စာအဖြစ် သုံးစွဲနိုင်သည်။

နိုင်ငံတော်က စားဖိုဆောင်သီးနှံ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှုတိုးမြင့်ရေး၊ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့် အခွင့်အလမ်းများ တိုင်းရင်းသားများ ရရှိရေး ဆောင်ရွက်ပေးနေသည်။

တိုင်းရင်းသားလုပ်ငန်းရှင်များက ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှု တိုးချဲ့နိုင်ခဲ့သဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဖွံ့ဖြိုးမှုများ ဖြစ်ထွန်းလာခဲ့သည်။

နိုင်ငံတစ်ဝန်း ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှုတွင် စိုက်ဧကတစ်သိန်းခြောက်သောင်းကျော်အပြင် ထပ်မံ၍ စိုက်ဧက ငါးသောင်းပြည့်မီအောင် စိုက်ပျိုးလျက်ရှိသည်။ နိုင်ငံတော်က ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မည့် ကုမ္ပဏီများအတွက် မြေနေရာရှာဖွေခြင်း၊ ဒေသခံများနှင့် ဆက်စပ်ပေးခြင်း၊ လိုအပ်သည့် ပံ့ပိုးမှုများ ကူညီခြင်းတို့ကို ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်။

သို့ဖြစ်ရာ အသုံးဝင်အဖိုးတန်ပြီး ဈေးကွက်ရှိသည့် ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားလာရေး စိုက်ပျိုးထုတ်လုပ်သူများနှင့် တာဝန်ရှိသူ အသီးသီးက ကြိုးပမ်းဖော်ဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပ လျက်ရှိသည့် (၁၅)ကြိမ်မြောက် နိုင်ငံတကာ ကားပြပွဲကို ဇူလိုင် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

(၁၅)ကြိမ်မြောက်နိုင်ငံတကာကားပြပွဲ အင်ဒိုနီးရှား၌ကျင်းပ

ဂျကာတာ ဇူလိုင် ၂၂

အင်ဒိုနီးရှားနိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုကဏ္ဍ တိုးတက်စေရန်ရည်ရွယ်၍ ဂျကာတာမြို့၌ (၁၅) ကြိမ်မြောက် နိုင်ငံတကာကားပြပွဲကို ဇူလိုင် ၁၉ ရက်က စတင်ကျင်းပခဲ့သည်။

အဆိုပါကားပြပွဲကို ဇူလိုင် ၁၉ ရက်မှ ဇူလိုင် ၂၈ရက်အထိ ၁၀ရက်ကြာ ကျင်းပမည်ဖြစ်သည်။

မျှော်မှန်းထား

မော်တော်ကား ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီများအနေဖြင့် ယင်းပြပွဲကြောင့် မော်တော်ကား စီးရေလေးသိန်းခန့်ရောင်းချနိုင်မည်ဟု မျှော်မှန်းထားသည်။ ယခုနှစ် ပထမ နှစ်ဝက်အတွင်း မော်တော်ကားစီးရေ ၁၉၇၃၂၆စီး ရောင်းချနိုင်ခဲ့ကြောင်း ဂျကာတာပို့စ် သတင်းစာ၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး အီရတ်၌ လူသတ်မှုဖြင့် စွဲချက်တင်ခံရ

ဘဂ္ဂဒက် ဇူလိုင် ၂၂

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံမြို့တော်ဖြစ်သော ကယ်ကွတ်မြို့အနီး လွန်ခဲ့သည့်လက အီရတ်နိုင်ငံသားတစ်ဦးကို သတ်ခဲ့မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးအား စွဲချက်တင်ထားကြောင်း အမေရိကန်စစ်ဘက်က ဇူလိုင် ၁၉ ရက်တွင် ကြေညာသည်။

စွဲချက်တင်ခံရ

စွဲချက်တင်ခံရသည့် တပ်ဖွဲ့ဝင်နှစ်ဦးမှာ တက္ကဆက်ပြည်နယ် ဆန်အင်တိုနီယိုမှ တပ်ကြပ်ကြီး ထရီကော်ရယ်လက်နှင့် ဂျော်ဂျီယာပြည်နယ် ဝင်းဒါးမှ တပ်သား ခရစ္စတိုဖာရှူးတို့ဖြစ်ပြီး ကြိုတင်ကြံစည်သတ်ဖြတ်မှုဖြင့် စွဲချက်တင်ထားကြောင်း ကြေညာချက်၌ ဖော်ပြပါရှိသည်။

အမှုမှာ ကယ်ကွတ်မြို့အနီး ဇွန်လ ၂၃ ရက်ဝန်းကျင်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုတပ်ဖွဲ့ဝင်နှစ်ဦးမှာ အမေရိကန်တပ်မ ၂၅၊ အမှတ် ၃ တပ်မဟာမှ ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

မြဝတီရုပ်မြင်သံကြား

၂၃-၇-၂၀၀၇
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၃၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၁။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း–၃)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ မိုးလေဝသသတင်း
- ၁၅။ အမျိုးသားရေးတေးကဗျာ
- ၁၆။ မေးမြန်းစုံးစမ်း
- ၁၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း–၁၀)

ဖျာပုံမြို့နေ ကျေးဇူးရှင် အဒေါ် ဒေါ်အေးကြည်နှင့် ဖခင်ကြီး ဆရာဦးညိုတို့အားရည်စူး၍ ဦးစိုးနိုင်အောင်နှင့် ညီ၊ ညီမများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေ ပဒေသာပင် အလှူငွေ ကျပ် ၃၃၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၀၇
(တနင်္လာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ "အဝိဇ္ဇာအဖုံး(၅)ဖုံးဖွင့်" တရားတော် ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် (ပဓာနနာယကမဟာကမ္မဋ္ဌာနာစရိယ) (ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
- ၈:၀၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၈:၁၀ တေးဂီတအစီအစဉ်
- ၈:၁၅ စက္ကူလွင့်လွင့်ပန်းယဉ်ယဉ် အလှဆင်စေချင်
- ၈:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀ Fashion Guide (Miss People 2007)
- ၉:၀၀ တေးဂီတအစီအစဉ်
- ၉:၀၅ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
- ၉:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၃၅ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ လယ်တွင်းသားစောချစ်နှင့် တွေ့ဆုံခြင်း)
- ၁၀:၁၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၀ ဂီတရပ်ဝန်းမှ ပွဲတင်သံများ(ကိုကိုကြီး)
- ၁၀:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၃၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (သက်ကြီးအမျိုးသမီးများ မီးယပ်သွေးဆုံးခြင်းနှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများ)
- ၁၀:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၀ ခုန်ပျံကျော်လွှားကျွမ်းဘားအားကစား
- ၁၁:၂၀ တေးဂီတအစီအစဉ်
- ၁၁:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၃၅ "တရားအားထုတ်သည်ဆိုရာဝယ်" အပိုင်း(၂) ဒေါက်တာချစ်ငယ်(ဒဿန)Ph.D
- ၁၂:၁၅ တေးဂီတအစီအစဉ်
- ၁၂:၂၀ အောင်မြင်ပျော်ရွှင်ဇနီးမောင်နှံဘဝတွင် (ကိုကျော်သန်းဇော်၊ မခင်ဇာခြည်ကျော်တို့နှင့် တွေ့ဆုံခြင်း)
- ၁၂:၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၄၀ ပန်းတို့၏ဒိုင်ယာရီ
- ၁၂:၅၅ တေးဂီတအစီအစဉ်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမ္ဘာလှည့် ခရီးသွားရောက်ရှိမှု ကမ္ဘောဒီးယား၌ မြင့်တက်

ဖနောင်ပင် ဇူလိုင် ၂၂

ကမ္ဘောဒီးယားနိုင်ငံအတွင်းသို့ ပထမနှစ်ဝက်အတွင်း ကမ္ဘာလှည့်ခရီးသွား ၈၇၅၃၄၉ ဦး လာရောက်ခဲ့ရာ ယမန်နှစ် အလားတူကာလကထက် ၁၉ ဒသမ ၉၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

၂၀၀၆ခုနှစ်အတွင်း နိုင်ငံတကာမှ ခရီးသွားဧည့်သည် ၁၇၀၀၀၄၁ဦး ရောက်ရှိခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

✻ *ကျောဖုံးမှ*

အခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာတွင် ယနေ့အခမ်းအနားမှာ နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သည့် စပါးသီးနှံကို နည်းလမ်း(၄)သွယ်ကို အခြေခံသော စိုက်ပျိုးနည်းစနစ်များအသုံးပြု၍ အစွမ်းကုန်ကြိုးစားဆောင်ရွက်ခဲ့သည့်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နွေစပါး စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်း အမြင့်မားဆုံးရရှိသော တောင်သူများကို ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်သည့် အခမ်းအနားဖြစ်ကြောင်း။

ပိုမိုထွက်ရှိ

ယခု နွေစပါးနှင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုများကို ချီးမြှင့်ပေးသည့်အတွက် စပါးစိုက်ပျိုးသည့် တောင်သူများ အားတက်လာပြီး စိုက်ဧကများတိုးတက်လာခြင်း၊ အထွက်နှုန်းများ တိုးတက်လာခြင်းဖြစ်ကြောင်း တွေ့ရှိရကြောင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၂၄၀၀၇၀ နှင့် အထွက်နှုန်းမှာ ၆၅ဒသမ၇၀ တင်းဖြစ်ပြီး နွေစပါးစိုက်ဧကမှာ ၂၀၀၉၃ဧက နှင့် အထွက်နှုန်းမှာ ၅ဒသမ၆၅ တင်းနှုန်းဖြစ်ကြောင်း၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၂၉၄၃၇၁ ဧကဖြစ်ပြီး အထွက်နှုန်းမှာ ၉ဒသမ၇၁ တင်းနှုန်းဖြစ်ကြောင်း၊ နွေစပါးစိုက်ဧကမှာ ၆၁၁၇ဧကဖြစ်ပြီး အထွက်နှုန်းမှာ ၈၀ဒသမ၂၂ တင်းနှုန်းတိုးတက်ထွက်ရှိလာကြောင်း၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါး စိုက်ဧက ၃၄၄၈၈၄ ဖြစ်ပြီး အထွက်နှုန်းမှာ ၇၃ဒသမ၅၀ တင်းနှုန်းဖြစ်ကြောင်း၊ ယခုချီးမြှင့်သည့် ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးစိုက်ဧကမှာ ၃၂၉၈၃ ဧကဖြစ်ပြီး အထွက်နှုန်းမှာ ၈၆ဒသမ၆၆ တင်းနှုန်းဖြစ်ကြောင်း၊ သုံးနှစ်အတွင်း မိုးစပါး စိုက်ဧက ၁၀၄၇၁၃ဧက တိုးတက်လာပြီး အထွက်နှုန်းမှာလည်း ၇ဒသမ၈ တင်း ပိုမိုတိုးတက်ထွက်ရှိခဲ့ကြောင်း၊ အလားတူ နွေစပါးတွင်လည်း သုံးနှစ်အတွင်း စိုက်ဧက ၁၂၈၉၀ တိုးတက်လာပြီး အထွက်နှုန်းမှာလည်း ၁၁ဒသမ၀၁တင်း ပိုမိုထွက်ရှိခဲ့ကြောင်း။

ရည်မှန်းချက်ထားရှိ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း ၂၀၀၆-၂၀၀၇ခုနှစ် နွေစပါး စီမံကိန်းလျာထားချက် ဧက၂၇၀၀၀နှင့် တစ်ဧကလျှင် ၈၅ဒသမ၀၂ တင်းနှုန်း ထွက်ရှိစေရန် ရည်မှန်းချက်ထားရှိခဲ့ရာ အမှန်စိုက်ပျိုးနိုင်မှုမှာ ၃၂၉၈၃ ဧကဖြစ်၍ တစ်ဧကအထွက်နှုန်း ၈၆ဒသမ၆၆တင်း ထွက်ရှိခဲ့ကြောင်း။

ကြိုးပမ်းဆောင်ရွက်

လယ်မှန်သမျှ တစ်ဧက စပါးတင်း၁၀၀နှင့်အထက် ထွက်ရှိရေး ဆောင်ရွက်ရာမှာ ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါးစိုက်ပျိုးဧကများမှာ တစ်ဧက အထွက်နှုန်း ၈၇ဒသမ၆၇ တင်းနှုန်း ထွက်ရှိခဲ့သဖြင့် ပန်းတိုင်အထွက်နှုန်းထက် ၁၂တင်းကျော် လျော့နည်းထွက်ရှိခဲ့ကြောင်း၊ ယခုလာမည့်နှစ် မိုးရာသီတွင် လယ်စပါးမှန်သမျှ တစ်ဧကတင်း ၁၀၀နှင့်အထက် ထွက်ရှိနိုင်ရေးကို အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နွေစပါးကိုလည်း တစ်ဧကတင်း ၁၂၀နှင့် အထက် ထွက်ရှိရေး အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဇူလိုင်၂၂ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်း မဟာ ဇေယျ အတုလမာရဇိန် ကြေးသွန်းဘုရားကြီး ဂေါပက အဖွဲ့၏ (၉၃) ကြိမ် မြောက် ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ဂေါပက အဖွဲ့ ဥက္ကဋ္ဌ ဦးချစ်မြိုင်နှင့် အဖွဲ့ဝင်များ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

တိုးတက်ဖူလုံလာ

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၂၀၀၇-၂၀၀၈ မိုးစပါးကို စီမံကိန်း လျာထားဧက ၃၉၀၀၀၀ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် နှစ်အလိုက်ဆန်ဖူလုံမှု အခြေအနေမှာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၁၂၉ဒသမ၁၁ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၁၆၅ဒသမ ၃၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၁၉၉ဒသမ၄၀ ရာခိုင်နှုန်းဖြစ်၍ သုံးနှစ်အတွင်း ဖူလုံမှု ရာခိုင်နှုန်းမှာ ၇၀ဒသမ၂၉ ရာခိုင်နှုန်းအထိ တိုးတက်ဖူလုံလာကြောင်း တွေ့ရှိရကြောင်း၊ ယခုနှစ်တွင်လည်း လျာထားချက်အတိုင်း အပြည့်အ၀ စိုက်ပျိုး၍ တစ်ဧက အထွက်နှုန်းတိုးရေးကို အဓိကထားပြီး တိုးတက်ထွက်ရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်ဆန်ဖူလုံမှုမရှိသေးသည့် မိုင်းပျင်မြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၇၃ ဒသမ ၂၈ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၁၀၁ဒသမ၆၀ ရာခိုင်နှုန်းဖူလုံလာပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၁၃၁ဒသမ၀၈ ရာခိုင်နှုန်းအထိ တိုးတက် ဖူလုံလာပြီဖြစ်ကြောင်း၊ အလားတူဖူလုံမှုမရှိသေးသည့် မက်မန်းမြို့နယ်သည်လည်း ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၈၅ဒသမ၂၀ ရာခိုင်နှုန်း ဖူလုံမှုရှိပြီး ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၈၈ဒသမ ၉၈ ရာခိုင်နှုန်းအထိ တိုးတက် ဖူလုံလာကြောင်း တိုးတက်တွေ့ရှိရကြောင်း။

ကွင်းဆင်းကြီးကြပ်

ယနေ့အထိ မိုးစပါး စိုက်ဧကမှာ လျာထားချက် ဧက၃၉၀၀၀၀ အပေါ် ၂၉၄၃၆၈ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ လျာထားစိုက်ဧက ပြည့်မီကျော်လွန်စွာစိုက်ပျိုးနိုင်ရန်နှင့် တစ်ဧက အထွက်နှုန်းများ သိသိသာသာ တိုးတက်လာစေရေးအတွက် သက်ဆိုင်ရာ စိုက်/ညှိအဖွဲ့များမှ ဒေသအလိုက် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း။

မိုးစပါးအပြင် အခြားမိုးသီးနှံများ၏ စိုက်ဧကများ လျာထားချက်ထက် ပြည့်မီကျော်လွန်ရေး၊ သီးနှံအလိုက် သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းများ ရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

ရှင်းလင်းတင်ပြ

ပြည်နယ်အတွင်း သီးနှံအလိုက် လျာထားချက်ဧကများ ပြည့်မီကာ အထွက်နှုန်းများတိုးတက်လျက် ဒေသ၏စားသုံးမှုဖူလုံပိုလျှံရေး၊ သီးနှံစိုက်စွမ်းအားမြင့်မားရေး၊ အမယ်သစ်သီးနှံ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေးတို့ကို အထူးအလေးထား ဆောင်ရွက်ပြီး စိုက်ပျိုးရေးကဏ္ဍတိုးတက်လာကာ ဒေသတစ်ခုလုံး အမှန်တကယ် လက်တွေ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ၂၀၀၆-၂၀၀၇ခုနှစ် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိကြသော တောင်သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ တစ်ဧကအထွက်နှုန်း ၁၇၆ တင်းဖြင့် ပထမဆုရရှိသော ကျိုင်းတုံမြို့နယ် လွယ်လုံကျေးရွာမှ ဦးစိုင်းယီ၊ တစ်ဧကအထွက်နှုန်း ၁၆၂ ဒသမ ၄၅ တင်းဖြင့် ဒုတိယရရှိသော ကျိုင်းတုံမြို့နယ် မိုင်းဇင်ကျေးရွာမှ ဦးအားတောင်၊ တစ်ဧကအထွက်နှုန်း ၁၆၀ဒသမ၇တင်းဖြင့် တတိယရရှိသော တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာမှ တောင်သူ ဦးစိုင်းသန်းတို့က အသီးသီး လက်ခံယူကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ၂၀၀၆-၂၀၀၇ခုနှစ် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိကြသော တောင်သူများအား ဆုချီးမြှင့်ရာ တစ်ဧကအထွက်နှုန်း ၁၅၈ ဒသမ ၂ တင်းဖြင့် အထူးဆုရရှိသော တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာမှ ဦးအိုက်ကြူး၊ တစ်ဧကအထွက် ၁၅၃ ဒသမ ၈၆တင်း အထူးဆုရရှိသော ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာမှ ဦးကုမ္မာရ၊ တစ်ဧကအထွက်နှုန်း ၁၅၂ ဒသမ ၂၇ တင်းဖြင့် အထူးဆုရရှိသော ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာမှ ဦးအောင်နိုင်၊ တစ်ဧကအထွက်နှုန်း ၁၅၁ ဒသမ ၁ တင်းဖြင့် အထူးဆုရရှိသော တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာမှ ဦးဖျာအဲတို့က အသီးသီး လက်ခံကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ခင်က နှစ်သိမ့်ဆုရရှိသော တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာမှ ဦးသောင်းကျောက်၊ မိုင်းတုံတပ်နယ်နှင့် မိုင်းဖြတ်တပ်နယ်မှ တာဝန်ရှိသူများနှင့် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာမှဦးနန်အိုက်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အောင်မြင်မှုများရရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်၍ စပါးအပါအဝင် အခြားသီးနှံများ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် စိုက်ပျိုးရာ၌ အောင်မြင်မှုများ ရရှိနေသကဲ့သို့ ဒေသအသီးသီးတွင်လည်း စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

ကမ္ဘာ့လူဦးရေသည် လွန်ခဲ့သော ၁၂နှစ်နှင့် ၁၄နှစ်များအတွင်း သန်း ၁၀၀၀ ခန့် တိုးတက်လျက်ရှိကြောင်း၊ ၁၉၇၄ခုနှစ်တွင် ကမ္ဘာ့လူဦးရေ သန်း ၄၀၀၀ မှ ၁၃နှစ်ကြာကာလတွင် သန်း ၅၀၀၀၊ ၁၉၉၇ခုနှစ်တွင် သန်း ၆၀၀၀ အထိ တိုးတက်ခဲ့ရာ တိုတောင်းလှသော အချိန်တွင်းမှာ ထောင်နှင့်ချီ၍ လူဦးရေ တိုးတက်လျက်ရှိရာ အိမ်နီးချင်းနိုင်ငံများသည် လူဦးရေများသော နိုင်ငံများဖြစ်၍ စိုက်ပျိုးရေးကို အဓိကထား ဆောင်ရွက်ခြင်းဖြင့် ထိုနိုင်ငံများသည် မိမိနိုင်ငံအတွက် ဈေးကွက်များပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စပါးဖူလုံရုံသာမက ပိုလျှံနေပြီဖြစ်ကြောင်း၊ ပြီးခဲ့သောနှစ်များက လျာထားချက် စပါးတင်းသန်းပေါင်း ၁၂၀၀၊ စပါးတင်း သန်း ၁၃၀၀ လျာထားချက်ပြည့်မီ အောင်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စပါးတင်းသန်း ၁၅၀၀ လျာထားသတ်မှတ်ထားရာ ပြည့်မီကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း ဆီဖူလုံရေး ကြိုးပမ်းဆောင်ရွက်ကြပြီး အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်ရှိနေခြင်းကြောင့် ဆီထွက်သီးနှံ ပိုလျှံအောင် ကြိုးပမ်း ဆောင်ရွက်သည့်နည်းတူ စက်သုံးဆီအတွက် လိုအပ်သော ခြစ်ဆည်းရိုး ကြက်ဆူပင်ကိုလည်း ပိုမိုစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း။

တိုးချဲ့စိုက်ပျိုး

ဈေးကွက်ရှိပြီးဖြစ်သည့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း၊ လက်ဖက်သည်လည်း အိမ်နီးချင်းနိုင်ငံများက ပိုမိုစားသုံးလာသည်ဖြစ်ရာ ရောင်းချရန်ဈေးကွက်ရှိလာပြီဖြစ်၍ တိုးချဲ့စိုက်ပျိုးရန် လိုအပ်ပါကြောင်း။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဒေသဖူလုံရုံမျှမက နိုင်ငံတော်အတွက်ပါ ဖူလုံအောင်ထွက်ရှိရေး သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားတောင်သူများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာများကလည်း ကြပ်မတ်ပေး၊ ပညာပေး၊ စည်းရုံးပေးရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မွန်းလွဲပိုင်းတွင် မြန်မာ့လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

၂၀၀၇ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်အထူးအောင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၇ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ဓမ္မာစရိယစာမေးပွဲတွင် ဖြေဆိုခဲ့သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအနက် သုံးကျမ်းပြီး ၄၄၄ပါး၊ နှစ်ကျမ်းပြီး ၆၅၆ပါး၊ တစ်ကျမ်းပြီး အပါး ၁၁၇၀၊ ပါဠိဂုဏ်ထူး ရှစ်ပါး အောင်မြင်တော်မူကြသည်။

၂၀၀၇ခုနှစ် ပထမပြန်အထူးအောင် ရွေးချယ်ရေးစာမေးပွဲတွင် ဖြေဆိုခဲ့ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင် လူပုဂ္ဂိုလ်များအနက် ပထမကြီးတန်း၌ လေးပါး၊ ပထမလတ်တန်း၌ လေးပါး၊ ပထမငယ်တန်း၌ လေးပါး အောင်တော်မူကြသည်။

အထူးအောင်ပုဂ္ဂိုလ်များမှာ-

ဓမ္မာစရိယတန်း

၁။	ပထမ (အဂ္ဂမဟာအကျော်)	ခုံအမှတ် (ပ-ခ-၆၂၉) အရှင်အဂ္ဂသီလ ဓမ္မသမိဒ္ဓိကျောင်း မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ် မန္တလေးမြို့/တိုင်း။
၂။	ဒုတိယ	ခုံအမှတ် (ကန-၉၃၉) အရှင်ပညာသီဟာလင်္ကာရ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း။
၃။	တတိယ	ခုံအမှတ် (ယ-၉၉) ဦးတေဇနိယ ရတနာဗိမာန်ကျောင်း ဟင်္သာတမြို့
၄။	သီလရှင် (ပထမ)	ခုံအမှတ် (သ-၁၁၀) မသိက္ခဝတီ ယင်းတော်မင်းကျောင်း ယင်းတော်မင်းရွာ ပျော်ဘွယ်မြို့။

ပထမကြီးတန်း

၁။	ပထမ (ပထမကျော်)	ခုံအမှတ် (မဟာမ-၇၀၁) အရှင်ဣန္ဒကဝိသိဋ္ဌာလင်္ကာရ မဟာဝိသုဒ္ဓါရုံတိုက်သစ်စည်ရှင်ကျောင်း မဟာအောင်မြေမြို့နယ် မန္တလေးမြို့။
၂။	ဒုတိယ	ခုံအမှတ် (ညတ-၂) အရှင်အဘိဓဇ တောင်ညိုကျောင်းတိုက် ညောင်တုန်းမြို့ ဧရာဝတီတိုင်း။
၃။	တတိယ	ခုံအမှတ် (ဗဟ-၉) ဦးပညာသေဋ္ဌာလင်္ကာရ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း။
၄။	အမျိုးသမီး (ပထမ)	ခုံအမှတ် (မြစ်-၅၆) မနှစ်နှစ်ဆွေ သမိဒ္ဓေါဒယ သီလရှင်ကျောင်းတိုက် မြစ်ကြီးနားမြို့ ကချင်ပြည်နယ်။

ပထမလတ်တန်း

၁။	ပထမ	ခုံအမှတ်(စက-၂၀၀) အရှင်သူရိယာလင်္ကာရ မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်း။
၂။	ဒုတိယ	ခုံအမှတ် (ဗဟ-၂) အရှင်ကုသလာလင်္ကာရ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်း။
၃။	တတိယ	ခုံအမှတ် (ဗဟ-၂၇) ရှင်တေဇောဘာသာလင်္ကာရ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း။
၄။	သီလရှင် (ပထမ)	ခုံအမှတ် (လင်း-၂၉) မဓမ္မနန္ဒာ ဓမ္မဒူတတောရကျောင်းတိုက် တောင်စွန်း ဘီးလင်းမြို့။

ပထမငယ်တန်း

၁။	ပထမ	ခုံအမှတ် (မုံ-၂၉၁) ရှင်ကဝိနန္ဒ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက် မုံရွာမြို့ စစ်ကိုင်းတိုင်း
၂။	ဒုတိယ	ခုံအမှတ် (စိန်-၃၃) ရှင်ရေဝတ ရွာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့နယ် ရန်ကုန်တိုင်း။
၃။	တတိယ	ခုံအမှတ် (ဗဟ-၂၂) ရှင်ဇနက မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း။
၄။	သီလရှင် (ပထမ)	ခုံအမှတ် (မြန်-၇၅) မဣန္ဒဝတီ သမိဒ္ဓေါဒယသုခိတာရာမဘာဝနာတိုက်သစ် မြန်အောင်မြို့။

ယခုနှစ် ဓမ္မာစရိယစာမေးပွဲ အောင်စာရင်းနှင့် ပထမပြန်အထူးအောင် စာမေးပွဲအောင်စာရင်းများကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ရုံးများ၌လည်းကောင်း၊ ပြည်နယ်/တိုင်း သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းဒေသကြီးတစ်ခုတွင် ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်း မရှိကြောင်းသိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာနိုင်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဇူလိုင် ၂၀ ရက်ကကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ **အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့်စပ်လျဉ်း၍ အလုပ်ကျသဘာပတိအဖွဲ့ဝင်များ၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–**

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"အမျိုးသားညီလာခံက နိုင်ငံတော်အခြေခံမူများအတွက် အခြေခံရမယ့်မူများ ချမှတ်စဉ်က အရေးပေါ်ကာလနဲ့စပ်လျဉ်းပြီး အောက်ပါအတိုင်း အခြေခံရမယ့်မူများကို ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

- "တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတသည် ထိုတိုင်းဒေသကြီး၊ ပြည်နယ်၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု၏ အုပ်ချုပ်ရေးဆိုင်ရာ အခွင့်အာဏာကို သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာ၌ လိုအပ်လျှင် ထိုတိုင်းဒေသကြီး၊ ပြည်နယ်၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနှင့် သက်ဆိုင်သည့် ဥပဒေပြုခွင့်အာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်သမ္မတက သုံးစွဲဆောင်ရွက်ခွင့်ရှိသည်"
- "တိုင်းဒေသကြီးတစ်ခုတွင် ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင် ဖြစ်စေ၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင်၊ သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သောအကြောင်းရှိလျှင် ထိုအန္တရာယ်ကို တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်များနှင့်အညီ တားဆီးကာကွယ်စောင့်ရှောက်ခွင့်ရှိသည်။
- "နိုင်ငံတော်အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုစသော အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်း၊ သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေမည့်၊ သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရယူသုံးစွဲခွင့်ရှိသည်"

ဖော်ပြပါ ချမှတ်ထားပြီးတဲ့ အခြေခံရမယ့်မူများနဲ့အညီ အရေးပေါ်အခြေအနေ ကြေညာခြင်းနဲ့ အဲဒီလိုအရေးပေါ်အခြေအနေ ကြေညာတဲ့အခါမှာ လိုအပ်လာလျှင် စစ်အုပ်ချုပ်ရေးအာဏာ အပ်နှင်းခြင်းတို့နဲ့စပ်လျဉ်းလို့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြသွားပါမယ်။

နိုင်ငံတစ်နိုင်ငံတွင် ဒေသအချို့၌သော်လည်းကောင်း၊ နိုင်ငံတစ်ဝန်း၌သော်လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးမယ့် အန္တရာယ်မျိုးကြုံတွေ့ခြင်းကြောင့်ဖြစ်စေ၊ တိုင်းတစ်ပါးမှ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်လာခြင်းကြောင့်ဖြစ်စေ၊ နိုင်ငံတော်ရဲ့နိုင်ငံရေးနဲ့ စီးပွားရေးအခြေအနေ ဆိုးရွားစွာ ယိုယွင်းပျက်စီးလာခြင်းကြောင့် ဖြစ်စေ၊ လေဘေး၊ ရေဘေး၊ မီးဘေး၊ မြေငလျင်ဘေးစတဲ့ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းကြောင့်ဖြစ်စေ အရေးပေါ်အခြေအနေ ပေါ်ပေါက်တတ်ပါတယ်။ အဲဒီလို အရေးပေါ်အခြေအနေ ပေါ်ပေါက်ခြင်းကြောင့် နိုင်ငံတော်ရဲ့ ယိုယွင်းပျက်စီးနေတဲ့ အခြေအနေများကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့်အပ်နှင်းထားတဲ့ နိုင်ငံတော်အကြီးအကဲက အရေးပေါ်အခြေအနေကြေညာပြီး လိုအပ်တဲ့အရေးယူ ဆောင်ရွက်မှုများ ပြုဖို့လိုအပ်ပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့ အရေးပေါ်အခြေအနေ ကြေညာပြီးနောက် အရေးပေါ်ကာလအတွင်း မိမိရဲ့အရေးယူဆောင်ရွက်ချက်များ၊ မိမိကတာဝန်လွှဲအပ်ဆောင်ရွက်စေတဲ့ အဖွဲ့အစည်းနဲ့ ပုဂ္ဂိုလ်များရဲ့ လုပ်ဆောင်ချက်များကို သက်ဆိုင်ရာလွှတ်တော်သို့ ပြန်လည်တင်ပြပြီး အတည်ပြုချက်ရယူရန် လိုအပ်ကြောင်း၊ ကာလအပိုင်းအခြားတစ်ခုအတွက်သာ အရေးပေါ်အခြေအနေ ကြေညာခွင့်ရှိကြောင်းကို နိုင်ငံအများအပြားရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ ပြဋ္ဌာန်းထားကြတာကို လေ့လာတွေ့ရှိရပါတယ်"လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ကျွန်တော်တင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ 'အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ' အခန်းနဲ့ စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

၁။ **တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စု နယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်း မရှိကြောင်းသိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။**

အလုပ်ကျသဘာပတိအဖွဲ့ဝင် တောင်သူ လယ်သမားများကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့် အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်း ချက်များ အခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

၂။ အပိုဒ် (၁)အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–

(က) သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု၏ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲခွင့်ရှိသည်။ ထို့အပြင် ယင်းအုပ်ချုပ်ရေးအာဏာကို သင့်လျော်သည့် အဖွဲ့အစည်း တစ်ရပ်ရပ်ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အပ်နှင်းဆောင်ရွက်စေနိုင်သည်။

(ခ) ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများက ဥပဒေပြုပိုင်ခွင့်ရှိသော ကိစ္စရပ်များအနက် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဥပဒေပြုခွင့်အာဏာကိုသာ ကျင့်သုံးခွင့်ရှိသည်။ သို့ရာတွင် ဥပဒေပြုခွင့် အာဏာကိုမူ မည်သည့်အဖွဲ့အစည်း၊ သို့မဟုတ် မည်သည့်ပုဂ္ဂိုလ်ကိုမျှ အပ်နှင်းဆောင်ရွက်စေခြင်း မပြုရ။

၃။ (က) တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ၊ ယင်းတို့၏ တစ်စိတ်တစ်ဒေသတွင် ဖြစ်စေ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါး အန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင်၊ သို့မဟုတ် ထိုသို့ပေါ်ပေါက်ရန် လုံလောက်သောအကြောင်း ရှိကြောင်းသိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။

(ခ) အထက်အပိုဒ်ခွဲ (က) အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့် ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီထုတ်ပြန်ကြေညာနိုင်သည်။ ယင်းသို့ ထုတ်ပြန်ကြေညာချက်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အမြန်ဆုံးတင်ပြ အတည်ပြုချက်ရယူရမည်။

၄။ အပိုဒ် (၃)အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–

(က) အရေးပေါ်အခြေအနေကြေညာချက် အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များ၊ နယ်ဘက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များက တည်ဆဲဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှုရှိစေရန် တပ်မတော်၏ အကူအညီကို ရယူဆောင်ရွက်နိုင်သည်။

(ခ) လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့်တစ်ရပ် ထုတ်ပြန်နိုင်သည်။ ယင်းစစ်အုပ်ချုပ်ရေးအမိန့်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း သတ်မှတ်ပေးရမည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း၊ သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင် တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

၅။ နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့် ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာသည့်အခါ–

(က) ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်။

(ခ) လိုအပ်ပါက အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည်၊ သို့မဟုတ် ရပ်ဆိုင်းနိုင်သည်။

၆။ နိုင်ငံတော်သမ္မတသည် အရေးပေါ်အခြေအနေကြေညာ၍ အပိုဒ်(၁)နှင့်(၂)အရ အရေးယူဆောင်ရွက်ချက်များကို လည်းကောင်း၊ အပိုဒ်(၃)နှင့်(၄)အရ အရေးယူဆောင်ရွက်ချက်များကို လည်းကောင်း အမိန့်ထုတ်ပြန်သည့်နေ့မှ–

(က) ရက်ပေါင်း(၆၀)အတွင်း အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) ရက်ပေါင်း(၆၀)အတွင်း ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပရန်မရှိလျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပစေလျက် တင်ပြ၍အတည်ပြုချက်ရယူရမည်။

၇။ အပိုဒ်(၆)အရ နိုင်ငံတော်သမ္မတ၏ တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက–

(က) အတည်ပြုလျှင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် သတ်မှတ်ထားသည့် နေ့ရက်နှင့်အချိန်ကာလ ကုန်ဆုံးသည်အထိ အာဏာတည်ရမည်။

(ခ) အတည်ပြုသည့်အပြင် အချိန်ကာလ ထပ်မံတိုးမြှင့်သတ်မှတ်လျှင် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် တိုးမြှင့်သတ်မှတ်သည့် နေ့ရက်နှင့် အချိန်ကာလ ကုန်ဆုံးသည်အထိ အာဏာတည်ရမည်။

(ဂ) အတည်မပြုလျှင် အတည်မပြုသည့်နေ့ရက်နှင့် အချိန်ကာလက စတင်၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

၈။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့်အဓမ္မနည်းများဖြင့် ရယူရန်ဆောင်ရွက်ခြင်း၊ သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမည့်၊ သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းတွေ့ရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသသည် နိုင်ငံတစ်ဝန်းလုံးဖြစ်ကြောင်းနှင့် အချိန်ကာလ သတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိဖြစ်ကြောင်း ဖော်ပြရမည်။

၉။ (က) အပိုဒ်(၈)အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများပြုနိုင်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာရမည်။ ယင်းသို့ ကြေညာသည့်နေ့မှစ၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ ယင်းလွှတ်တော်များ၏ သက်တမ်းကုန်ဆုံးသည့်အခါ သက်ဆိုင်ရာလွှတ်တော်များသည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ထိုသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များအား တာဝန်မှရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၁၀။ နိုင်ငံတော်အာဏာ လွှဲအပ်ခြင်းခံရသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာကို မိမိကိုယ်တိုင်ဖြစ်စေ မိမိကိုယ်တိုင်ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း၍ဖြစ်စေ ကျင့်သုံးဆောင်ရွက်နိုင်သည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို သင့်လျော်သည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဖွဲ့စည်း၍ ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေနိုင်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

၁၁။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရေးပေါ်အခြေအနေကြေညာထားစဉ် ကာလအတွင်း လိုအပ်သည့် နယ်မြေဒေသတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည်၊ သို့မဟုတ် ရပ်ဆိုင်းနိုင်သည်။

၁၂။ နိုင်ငံတော်သမ္မတသည်-

(က) အပိုဒ် (၈) နှင့် (၉) အရ အရေးပေါ်အခြေအနေ ကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့ ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူစေ၍ဖြစ်စေ အစီရင်ခံတင်ပြရမည်။

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။ ယင်းသို့ တိုးမြှင့်ပေးသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံတင်ပြရမည်။

၁၃။ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာသည့်အခါ ပြည်ထောင်စုလွှတ်တော်သက်တမ်းမကုန်ဆုံးသေးပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူစေ၍ အစီရင်ခံတင်ပြပြီးသည့်နေ့မှစ၍ ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်သက်တမ်း ကုန်ဆုံးပြီးဖြစ်ပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှတင်ပြချက် လက်ခံရရှိသည့်နေ့မှစ၍ဖြစ်စေ အပိုဒ်(၉)အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမည်။

၁၄။ နိုင်ငံတော်သမ္မတသည် အပိုဒ် (၁၃) အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာကို ရရှိသည့်အခါ ပြည်ထောင်စုလွှတ်တော်သက်တမ်းမကုန်ဆုံးသေးပါက လွှတ်တော်အားလုံးနှင့်ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်းကို ပယ်ဖျက်ရမည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းအသစ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။ ယင်းအဖွဲ့အစည်းများသည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက်သာ တာဝန်ထမ်းဆောင်ရမည်။

၁၅။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတအသစ်တို့ကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအသစ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအသစ်တို့ကို လည်းကောင်း ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဆက်လက်တည်ရှိသည်။

၁၆။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ် တိုးမြှင့်ပေးနိုင်သည်။

၁၇။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်သမ္မတက အပိုဒ်(၈)နှင့်(၉)အရ အရေးပေါ်အခြေအနေ ကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် ကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်း တင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိသည့်အခါ အပိုဒ်(၉)အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေခဲ့သည့်အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမည်။

၁၈။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များ ဖွဲ့စည်းခြင်း မပြုနိုင်သေးမီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို ကျင့်သုံးဆောင်ရွက်သည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်သမ္မတအသစ် ရွေးချယ်တင်မြှောက်ပြီး ပြည်ထောင်စုအဆင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းပြီးသည့် အချိန်ထိ နိုင်ငံတော်အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့ ကျင့်သုံးဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာကို ကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ရမည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဆင့်များအတွက် သင့်လျော်သည့် အဖွဲ့အစည်းများ ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေနိုင်သည်။

၁၉။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာအရည်အချင်းနှင့် ညီညွတ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၀။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အပိုဒ်(၁၇)အရ အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာသည့်နေ့မှစ၍ ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးရမည်။

၂၁။ အပိုဒ်(၁၉)အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် အထွေထွေ ရွေးကောက်ပွဲများ ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။

၂၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာများကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတအမည်ဖြင့် ဖော်ပြဆောင်ရွက်ရမည်။

၂၃။ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားစဉ် ကာလအတွင်းတွင် နိုင်ငံတော်သမ္မတကိုယ်စားဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့် ကာလအတွင်းဖြစ်စေ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့် ကာလအတွင်းဖြစ်စေ၊ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ လိုအပ်သည့်အရေးယူဆောင်ရွက်မှု ပြုနိုင်ရန် လုပ်ပိုင်ခွင့်နှင့်တာဝန်များ ပေးအပ်ခြင်းခံရသည့် အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင်တစ်ဦးဦး၊ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်း တစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၊ စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၏ တရားဝင်ဆောင်ရွက်ချက်များသည် အတည်ဖြစ်စေရမည်။ ယင်းတရားဝင်ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် တရားစွဲဆိုခွင့် မရှိစေရ"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည်

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များဖွဲ့စည်းခြင်းမပြုနိုင်သေးမီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကျင့်သုံးဆောင်ရွက်သည်

အလုပ်သမားများ ကိုယ်စားလှယ်များ အစုအဖွဲ့မှဦးကျော်ဝင်းထွန်း အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းနှင့်စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက-

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက စုစည်းတင်ပြခဲ့သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများမှာ အမျိုးသားညီလာခံက အတည်ပြုချမှတ်ထားသည့် မူဘောင်အတွင်း တင်ပြထားခြင်း ဖြစ်သည့်အပြင် အရေးပေါ်ကာလ၌ ဆောင်ရွက်ရမည့်တာဝန်များကို ပြည့်စုံစွာ ဖော်ပြထားသည်ကို တွေ့ရှိရသဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့-

"စုစည်းတင်ပြချက် အပိုဒ်(၁၆)တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် (၆)လအထိ နှစ်ကြိမ် တိုးမြှင့်ပေးနိုင်သည်ဟု ပါရှိပါတယ်။

အလားတူ ဆောင်ရွက်ပိုင်ခွင့်ကို စုစည်းတင်ပြချက်အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ခ)တွင် နိုင်ငံတော်သမ္မတအနေဖြင့် ဆောင်ရွက်ပိုင်ခွင့်အဖြစ် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ တူညီသော လုပ်ငန်းရပ် တစ်ခုတည်းအတွက် နိုင်ငံတော်သမ္မတနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်များ ထပ်တူဖြစ်နေသည့်သဘော တွေ့ရှိရပါတယ်။

ထို့အပြင် စုစည်းတင်ပြချက် အပိုဒ် ၁၇ ၌ ပါရှိသည့် "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်သမ္မတက အပိုဒ် ၈ နှင့် ၉ အရ အရေးပေါ် အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့်တာဝန် ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်း တင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိသည့်အခါ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမည်"ဟူသော အချက်မှာလည်း စုစည်းတင်ပြချက် အပိုဒ် ၁၃ ၌ ပါရှိသည့် နိုင်ငံတော်သမ္မတအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့် ထပ်တူဖြစ်နေကြောင်း တွေ့ရှိရပါတယ်။

စုစည်းတင်ပြချက် အပိုဒ် ၂၂ တွင် "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာများကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတအနေဖြင့် ဖော်ပြဆောင်ရွက်ရမည်"ဟူ၍ ဖော်ပြပါရှိပါတယ်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတို့၏ အခြေခံဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ကွဲကွဲပြားပြား ဖြစ်စေရန် ဆောင်ရွက်မှုများ ပြုလုပ်သင့်သည်ဟုသဘောရရှိပါတယ်"လို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က-

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး ရှင်းလင်းပြောကြားခဲ့တဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ စုစည်းချက် အမှတ်စဉ် (၁) မှ (၂၃) အထိကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ်ချမှတ်သင့်ကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီက-

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနှင့် ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်အချက် (၂၃)ချက်အပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က-

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ လေ့လာတွေ့ရှိချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားချက်များအား ကောင်းစွာဖတ်ရှုလေ့လာမှတ်သားခွင့် ရရှိခဲ့ပါတယ်။ အားလုံးဟာ ပြည့်စုံညီညွတ်မှုရှိပါသဖြင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူများအဖြစ် စုစည်းတင်ပြထားတဲ့ အမှတ်စဉ် (၁) မှ အမှတ်စဉ် (၂၃) အထိဟာ သင့်တော်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့-

"နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့် ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီထုတ်ပြန်ကြေညာနိုင်သည်ဟုဆိုသော အပိုဒ်အစား 'နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းရာတွင် အဖွဲ့ဝင်များစုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက ကျန်ရှိသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဝင်တို့နဲ့ ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီထုတ်ပြန်ကြေညာနိုင်သည်'လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း" မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက-

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး ၂၀၀၆ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့သော်လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့သော်လည်းကောင်း၊ ယင်းတို့ကျင့်သုံးခဲ့သော လုပ်ငန်းဆောင်ရွက်ချက်များနဲ့ ဆက်စပ်ဆက်နွှယ်မှု ရှိသည့်အတွက် လည်းကောင်း၊ မိမိတို့နိုင်ငံရဲ့ အခြေအနေနှင့် လိုက်လျောညီထွေမှုရှိမှာဖြစ်သည့်အတွက် စုစည်းသုံးသပ် တင်ပြထားတဲ့ အချက်(၂၃)ချက်ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က-

"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အခြေခံမူများနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များတွင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လည်းကောင်း မှီငြမ်းလျက် ရှင်းလင်းပြောကြားသွားပါတယ်။ ထိုသို့ရှင်းလင်းပြောကြားချက်မှာ အသေးစိတ် အခြေခံရမယ့်မူတစ်ချက်စီနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို အသေးစိတ်ပြီးပြည့်စုံစွာ ရှင်းလင်းပြောကြားသွားသည့်အပေါ် ထပ်မံအကြံပြုဆွေးနွေးရန် မရှိတော့ပါ။

သို့ပါ၍ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် စုစည်းတင်ပြထားတဲ့ အသေးစိတ် အခြေခံသင့်တဲ့မူ(၂၃)ချက်ကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက-

စာမျက်နှာ ၆ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာသည့်အခါ

အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်

စာမျက်နှာ ၅ မှ

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနှင့်စပ်လျဉ်းသည့် အချက်များကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ‘ဝ’ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းချက် အမှတ်စဉ် ၁ နှင့် ၃(က)တို့မှလွဲ၍ ကျန်စုစည်းချက်များသည် ပြည့်စုံလုံလောက်မှုရှိပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“နိုင်ငံရဲ့ သို့မဟုတ် နိုင်ငံရဲ့ အစိတ်အပိုင်းတစ်ရပ်ရပ်ရဲ့ လုံခြုံရေးကို အန္တရာယ်ပြုမယ့် စိုးရိမ်ဖွယ်ရာဖြစ်တဲ့ အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်နေတယ်လို့ နိုင်ငံတော်သမ္မတက ယုံကြည်ရင် အရေးပေါ်အခြေအနေကြေညာချက်ကို ထုတ်ပြန်နိုင်ခွင့် ရှိသင့်ပါတယ်။

သို့သော်လည်း အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းချက် အမှတ်စဉ် ၁ ရဲ့ ပြဋ္ဌာန်းချက်ကို ပိုမိုပြည့်စုံလုံလောက်ဖို့ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြလိုပါတယ်။ တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု တစ်စုတွင်ဖြစ်စေ၊ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ “တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်းသိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်”

လို့ပြဋ္ဌာန်းမယ့်အစား–

၁။ “တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းက တင်ပြလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်” ဟူ၍လည်းကောင်း–

စုစည်းချက် အမှတ်စဉ် ၃ (က)ကိုလည်း–

“တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ၊ ယင်းတို့၏ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ၊ ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင်၊ သို့မဟုတ် ထိုသို့ ပေါ်ပေါက်ရန် လုံလောက်သောအကြောင်းရှိကြောင်း သိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေ ကြေညာနိုင်သည်”လို့ပြဋ္ဌာန်းမယ့်အစား–

၃။(က) “တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု တစ်စုတွင်ဖြစ်စေ၊ ယင်းတို့၏ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ၊ ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ် ပြုမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင်၊ သို့မဟုတ် ထိုသို့ ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းရှိကြောင်း သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းက တင်ပြလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေ ကြေညာနိုင်သည်”လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ပါက ပိုမိုဆီလျော်မည် ဖြစ်ကြောင်း” ဟူ၍လည်းကောင်း

‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေး တင်ပြချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

“အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း ချမှတ်သင့်ပါကြောင်း”ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“နိုင်ငံတော်သမ္မတက အရေးပေါ် ကြေညာခြင်းနဲ့ စပ်လျဉ်းပြီး အကြံပြုတင်ပြဆွေးနွေးလိုပါတယ်။ နိုင်ငံတော် သမ္မတဟာ တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ၊ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင်၊ သို့မဟုတ် ထိုသို့ပေါ်ပေါက်ရန် လုံလောက်သောအကြောင်း ရှိကြောင်းသိရှိလျှင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေ ကြေညာမှာ ဖြစ်ပါတယ်။

ထိုသို့ အရေးပေါ်အခြေအနေကြေညာဖို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် ကောင်စီအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက နိုင်ငံတော်သမ္မတဟာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အဖွဲ့ဝင်များဖြစ်တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး အပါအဝင် အဖွဲ့ဝင်လေးဦးနဲ့သာ ညှိနှိုင်းတိုင်ပင်မည့်အစား အကြောင်း အမျိုးမျိုးကြောင့် ရှောင်လွှဲ၍မရလို့ ပျက်ကွက်ရတဲ့ အဖွဲ့ဝင်များမှလွဲပြီး၊ ကျန်အဖွဲ့ဝင်များကို စုံနိုင်သမျှစုံအောင် တက်ရောက်စေပြီး ဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီးမှ ကြေညာမယ်ဆိုပါက ပိုမို၍ထိရောက်ပြည့်စုံနိုင်မယ်လို့ ထင်မြင်ယူဆပါတယ်။ သို့ဖြစ်၍ နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာခြင်းနဲ့ စပ်လျဉ်းတဲ့ အပိုဒ် (၃)၊ အပိုဒ်ခွဲ(ခ)ကို–

“အထက်အပိုဒ်ခွဲ(က)အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်ရသော အဖွဲ့ဝင်များမှလွဲ၍ ကျန်ရှိနေသေးသော အဖွဲ့ဝင်များနှင့်ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီ ထုတ်ပြန်ကြေညာနိုင်သည်။ ယင်းသို့ ထုတ်ပြန်ကြေညာချက်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အမြန်ဆုံးတင်ပြ အတည်ပြုချက် ရယူရမည်”လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်၊ ပြောင်းလဲသတ်မှတ်သင့်ပါကြောင်း” တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်ပါ(၃) ဦးတို့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က “အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ ခေါင်းစဉ်မှာချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောကြားချက်များကို ကျွန်တော်တို့အနေနဲ့ ရှုထောင့်အမျိုးမျိုးကနေ လေ့လာသုံးသပ် ဆွေးနွေးခဲ့ကြပါတယ်။ အရေးကြီးတဲ့ ရှုထောင့်တစ်ခုဖြစ်တဲ့ သာမန်ပြည်သူတစ်ယောက်ရဲ့ ရှုထောင့်ကနေလေ့လာပြီး–

(က) မိမိတို့ရဲ့ အသက် အိုးအိမ် စည်းစိမ်များကို ကာကွယ်နိုင်မယ့် အခြေခံမူများ၊

(ခ) ဒီလိုကာကွယ်ရာမှာ အချိန်တိုတိုနဲ့ ထိထိရောက်ရောက် လက်တွေ့ဆောင်ရွက်နိုင်မယ့် အခြေခံမူများ ပါဝင်ခြင်းရှိ၊ မရှိဆိုတာကို အထူးဂရုပြုပြီး လေ့လာသလို–

နိုင်ငံရေးအမြင်အရလည်း–

(က) အာဏာကို လိုအပ်သလောက်သာ ရယူသုံးစွဲခြင်း၊

(ခ) ပြည်သူတို့၏ မူလအခွင့်အရေးများကို အမြန်ဆုံး ပြည်သူများလက်သို့ ပြန်လည်ပေးအပ်နိုင်မည့် နည်းလမ်း၊

(ဂ) စစ်မှန်သော ဒီမိုကရေစီစနစ်ကို အမြန်ဆုံး ပြန်လည်အကောင်အထည်ဖော်ပေးနိုင်ခြင်း ရှိ၊မရှိဆိုတာကို အလေးထားစဉ်းစားပြီး လေ့လာခဲ့ကြပါတယ်။ ဒီလိုလေ့လာရာမှာ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောပြချက်ပါ အသေးစိတ်အခြေခံရမယ့်မူများဟာ သာမန်ပြည်သူများရဲ့ ရှုထောင့်မှာရော၊ နိုင်ငံရေး ရှုထောင့်မှာပါ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်”

လို့ ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၈ နဲ့ အပိုဒ် ၉(က)တို့မှာ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်ဟုလည်းကောင်း၊ အပိုဒ် ၈ အရ အရေးပေါ်အခြေအနေကြေညာသည့်ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ အရေးယူဆောင်ရွက်မှုများ ပြုနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာရမည် စသည်ဖြင့် ပါရှိသလို အခြားအသေးစိတ် အခြေခံရမယ့်မူများမှာလည်း နိုင်ငံတော်သမ္မတအနေနဲ့ လုပ်ဆောင်ရမယ့် အချက်တွေကို ဖော်ပြထားတာ တွေ့ရှိရပါတယ်။ သို့သော် အကယ်၍များ နိုင်ငံတော်သမ္မတဟာ နိုင်ငံရပ်ခြားသို့ရောက်ရှိနေခြင်း၊ ကျန်းမာရေးအလွန်ချို့တဲ့နေခြင်း စတဲ့အကြောင်းများအပြင် အခြားမမျှော်မှန်းနိုင်တဲ့ အခြေအနေများကြောင့် ဒီတာဝန်တွေကို မထမ်းဆောင်နိုင်ခဲ့ရင် နိုင်ငံတော်သမ္မတကိုယ်စား မည်သူက ဒီတာဝန်များကို ထမ်းဆောင်ရမည်ဆိုတာကို ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်းမရှိပါဘူး။ အရေးပေါ်အခြေအနေဆိုတာဟာ ချက်ချင်းအရေးယူ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတက မထမ်းဆောင်နိုင်ခဲ့ရင် နိုင်ငံတော်သမ္မတကိုယ်စား မည်သူက တာဝန်ယူမည်ဆိုတာကို အသေးစိတ်အခြေခံရမယ့်မူများ ထည့်သွင်းချမှတ်သင့်တယ်လို့ ထင်မြင်မိပါတယ်။

အလှည့်ကျ သဘာပတိအဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှဒေါက်တာ မောင်မောင်ဝင့် အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဒါကြောင့် လုပ်ငန်းကော်မတီအနေနဲ့ အထက်ဖော်ပြပါ အချက်များအပေါ် အခြေခံစဉ်းစားပြီး နိုင်ငံတော်သမ္မတဟာ အရေးပေါ်ကာလ ဖြစ်ပေါ်လာချိန်မှာ တာဝန်များကို မထမ်းဆောင်နိုင်ခဲ့လျှင် သမ္မတကိုယ်စား တာဝန်ထမ်းဆောင်မည့်သူကို ရှင်းရှင်းလင်းလင်းသိနိုင်ရန်အတွက် အသေးစိတ်အခြေခံရမယ့် မူတစ်ရပ်အဖြစ် ချမှတ်နိုင်ရန် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ပြန်လည်ရှင်းလင်းတင်ပြသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်”လို့ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးတင်ဝင်းပါ (၆)ဦးတို့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့က–

“အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ အချက်(၂၃)ချက်ကို အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း အပိုဒ် ၁၂(ခ)တွင် **“တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။ ယင်းသို့ တိုးမြှင့်ပေးသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူစေ၍ အစီရင်ခံတင်ပြရမည်”** ဟု ဖော်ပြထားပါသည်။

၎င်းအချက်မှာ လွှတ်တော်သက်တမ်းကာလအတွင်း အချိန်တိုးမြှင့်ပေးခြင်းကိစ္စအတွက် ဖော်ပြထားခြင်းဖြစ်သည်ဟု သဘောရရှိပါသည်။

ယင်းအခန်း အပိုဒ် ၁၆တွင် **“အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်”**ဟု ဖော်ပြထားပါသည်။

၎င်းအချက်မှာ လွှတ်တော်သက်တမ်းကုန်ဆုံးပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေး၍ သတ်မှတ်အချိန်ကာလကို ထပ်မံတိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက **“အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ”**က ခွင့်ပြုပေးခြင်းဖြစ်သည်ဟု သဘောရရှိပါသည်။

သို့ဖြစ်ရာ အပိုဒ် ၁၆၌ **“အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ”** သည်ဆိုသော စကားရပ်နောက်တွင် **“ပြည်ထောင်စုလွှတ်တော်သက်တမ်း ကုန်ဆုံးသွားချိန်တွင်”** ဟူသော စကားရပ်ကို ထည့်သွင်းပါက သင့်လျော်မည်ဖြစ်ကြောင်း သဘောရရှိပါသည်။

သို့ပါ၍ အပိုဒ် ၁၆ ကို **“အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုလွှတ်တော်သက်တမ်း ကုန်ဆုံးသွားချိန်တွင်” တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်ချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်”** ဟု အသေးစိတ်အခြေခံရမယ့်မူအဖြစ် ထည့်သွင်းချမှတ်သင့်ကြောင်း” တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

23-7 (06) 1 7/23/07, 1:59 AM

စာမျက်နှာ ၆ မှ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော် အာဏာများကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတ အမည်ဖြင့် ဖော်ပြဆောင်ရွက်ရမည်

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသွားခဲ့တဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူ (၂၃)ချက်အား အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသွားခဲ့တဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ (၂၃)ချက်ကို အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ ကိုယ်စားလှယ်များ အားလုံးက တညီတညွတ်တည်း သဘောတူညီကြပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက် ရှင်းလင်းချပြထားတဲ့ အပိုဒ်၁မှ ၂၃ထိကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များဟာ ကျိုးကြောင်းဆီလျော်မှုရှိပြီး အနာဂတ်နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒို့တာဝန်အရေး(၃)သုံးပါးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့အတွက် အမျိုးသားညီလာခံရဲ့ ဦးတည်ချက်(၆)ရပ်နှင့်အညီ ရှင်းလင်းတင်ပြထားတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များက အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြချက်မှာပါဝင်တဲ့

- ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အခြေခံမူ (၁၄)ချက်နှင့် ခြွင်းချက်အချက်(၁)ချက်
- နိုင်ငံရေးပါတီများအခန်းအတွက် အခြေခံမူ (၆)ချက်
- အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ အခန်းအတွက်(၂၃) ချက်

တို့အား လေးလေးနက်နက် ထောက်ခံပါကြောင်း" ဆွေးနွေးတင်ပြတာ တွေ့ရှိရပါတယ်။

ဒါ့အပြင်သီးခြားအကြံပြုချက်အနေနဲ့–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းချက်မှာ ပါဝင်တဲ့ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း"တွင် ပါဝင်တဲ့ အပိုဒ် ၁ မှာ–

"တိုင်းဒေသကြီး တစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စု နယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင် ဖြစ်စေ၊ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း သိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့် ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်"ဟူ၍ ဖော်ပြပါရှိပါတယ်။

နိုင်ငံတော်သမ္မတအနေနဲ့ အရေးပေါ်အခြေအနေကြေညာမည့် ဒေသတစ်ခုခု၏ အခြေအနေကို "ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း" သိရှိလျှင် အရေးပေါ်အခြေအနေ ကြေညာရမှာ ဖြစ်ပါတယ်။ အဲဒီလို ကြေညာနိုင်ဖို့ အဲဒီဒေသမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း တိတိကျကျ သိဖို့လိုသလို တိတိကျကျလည်း သတ်မှတ်ပြဋ္ဌာန်းထားဖို့ လိုမှာဖြစ်ပါတယ်။

အရေးပေါ် အခြေအနေကြေညာရမည့် ဒေသတစ်ခုခုမှာ တာဝန်ယူနေရတဲ့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ကလည်း ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း တင်ပြပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလိုတင်ပြပေးဖို့ပျက်ကွက်ခြင်း၊ ဒါမှမဟုတ် ဖြေရှင်းနေခြင်းဆိုတဲ့ ကာလအတွင်းမှာ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နဲ့အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း သိရှိလျှင်လည်း နိုင်ငံတော် သမ္မတက အရေးပေါ်အခြေအနေ ကြေညာနိုင်တယ်လို့ သတ်မှတ်ပြဋ္ဌာန်းသင့်ပါတယ်။

ဒါကြောင့် အပိုဒ် ၁ ကို–

"တိုင်းဒေသကြီး တစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင် ဖြစ်စေ၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တင်ပြလာလျှင် သို့မဟုတ် အခြားနည်းလမ်းဖြင့် သိရှိပြီး အမှန်တကယ်ဖြစ်ကြောင်း ယုံကြည်ပါက နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့် ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်"ဟူ၍ သတ်မှတ်သင့်ပါကြောင်းဟု လည်းကောင်း၊

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာ ပါဝင်တဲ့ အပိုဒ် ၉(က)တွင် **"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာရမည်"**ဟူ၍ ဖော်ပြထားပါတယ်။ အလားတူ အပိုဒ် ၁၀၌ **"နိုင်ငံတော် အာဏာလွှဲအပ်ခြင်းခံရသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်"** ဟူ၍ ဖော်ပြထားပြီးဖြစ်၍ လည်းကောင်း၊ အပိုဒ် ၁၂(က)၊ အပိုဒ် ၁၃နှင့် အပိုဒ် ၁၇တို့တွင် **"နိုင်ငံတော် အာဏာ"** ဟူသော စကားရပ်ကို သုံးနှုန်းထား၍လည်းကောင်း၊ ယင်းအပိုဒ် ၃ခုနှင့် လိုက်လျောညီထွေစွာ ဖြစ်စေခြင်းငှာ အပိုဒ် ၉(က)တွင် ဖော်ပြထားသည့် **"နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ"** စကားရပ်အစား **"နိုင်ငံတော်အာဏာ"** ဟူ၍ ပြင်ဆင်သင့်ပါကြောင်း"ဟု လည်းကောင်း၊

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာ ပါဝင်တဲ့ အပိုဒ်၁၂(ခ)မှာ တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက နိုင်ငံတော်သမ္မတက သက်တမ်းတိုးမြှင့်ပေးရမှာဖြစ်ပြီး အဲဒီလို သက်တမ်းတိုးမြှင့်ပေးသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေး ခေါ်ယူစေပြီး တင်ပြရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ နိုင်ငံတော်သမ္မတအနေနဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သတ်မှတ်ချိန်ကာလ တိုးမြှင့်ပေးဖို့ အကျိုးအကြောင်း ဖော်ပြပြီး တင်ပြလာပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းဆောင်ရွက်စေသင့်ပါတယ်။

ဒါကြောင့် အပိုဒ် ၁၂(ခ)အား–

"တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလတိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။ ယင်းသို့ တိုးမြှင့်ပေးသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံတင်ပြရမည်" ဟူ၍ ဖြည့်စွက်သင့်ပါကြောင်း"ဟု လည်းကောင်း၊

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာ ပါဝင်တဲ့ အပိုဒ် ၁၃နဲ့ပတ်သက်ပြီး စာသားဖြည့်စွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

"နိုင်ငံတော်သမ္မတထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာသည့် အခါတွင် ပြည်ထောင်စုလွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူစေ၍ ဆောင်ရွက်ရမှာဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်သက်တမ်း ကုန်ဆုံးပြီးပါက အပိုဒ်၉အရ အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမှာ ဖြစ်ပါတယ်"အဲဒီလို ဆောင်ရွက်ရာမှာ နိုင်ငံတော်သမ္မတ အနေနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် **"အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး"**ဟူသော စာသားကို ဖြည့်စွက်ဖို့ အကြံပြုလိုပါတယ်။

ဒါကြောင့် အပိုဒ် ၁၃အား–

"နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာသည့်အခါ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ပြည်ထောင်စုလွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူစေ၍ အစီရင်ခံတင်ပြပြီးသည့်နေ့မှစ၍ ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်သက်တမ်း ကုန်ဆုံးပြီးဖြစ်ပါက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှတင်ပြချက် လက်ခံရရှိသည့်နေ့မှစ၍ဖြစ်စေ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကိုပယ်ဖျက်ကြောင်း ကြေညာရမည်"ဟူ၍ သတ်မှတ်သင့်ပါကြောင်း ဟုလည်းကောင်း၊

"ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ် အခြေခံသင့်တဲ့ မူများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာပါဝင်တဲ့အတိုင်း အကြံပြုခဲ့ကြသလို အထူးတင်ပြလိုတဲ့ အချက်ကို လည်း အကြံပြုလိုပါတယ်။

အထူးတင်ပြလိုတဲ့ အချက်ကတော့ **"နိုင်ငံတော်သမ္မတအနေနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပေးအပ်ထားသည့် တာဝန်နှင့်ပတ်သက်ပြီး သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးသည့်ကိစ္စဖြစ်စေ၊ အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာသည့်ကိစ္စဖြစ်စေ၊ အကယ်၍ ပြည်ထောင်စုလွှတ်တော်သက်တမ်း ကုန်ဆုံးပြီး ဖြစ်နေပါက ယင်းကိစ္စရပ်များကို ထပ်မံအသစ်ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေးတွင် တင်ပြအစီရင်ခံသင့်ကြောင်း"**ဟု လည်းကောင်း အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က–

"ယခု ချမှတ်ကြမယ့် အခြေခံမူများဟာ နိုင်ငံတကာမှာ လက်တွေ့ကျင့်သုံးနေတဲ့ ကမ္ဘာသုံးမူများဖြစ်ပါတယ်။ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက် ဒီအခြေခံမူတွေရရှိရေးအတွက် နိုင်ငံတကာ အတွေ့အကြုံရော၊ မြန်မာနိုင်ငံရဲ့ အတိတ်သမိုင်းအတွေ့အကြုံများကိုပါ စေ့စုံလင်စွာ လေ့လာဆန်းစစ်၊ သုံးသပ်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ တင်ပြထားတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြထားတဲ့ အခြေခံမူများကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းလို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြား စုစည်းတင်ပြချက်အပိုဒ် ၄(ခ)တွင်သမ္မတက ကာကွယ်ရေးဦးစီးချုပ်အား အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များသာမက တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကိုပါ သတ်မှတ်ပေးထားသည်ကို တွေ့ရှိရသော်လည်း စုစည်းတင်ပြချက်အပိုဒ် ၂(က)၊ (ခ)တို့အရ နိုင်ငံတော်သမ္မတအား အုပ်ချုပ်ရေးအာဏာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေပြုခွင့် အာဏာတို့ကို အပ်နှင်းထားပြီး တရားစီရင်ရေးအာဏာ အပ်နှင်းထားခြင်းမရှိသဖြင့် တရားစီရင်ရေးဆိုင်ရာလုပ်ပိုင်ခွင့်ကို အပိုဒ် ၄အရ သမ္မတက ကာကွယ်ရေးဦးစီးချုပ်အား ကျင့်သုံးဆောင်ရွက်စေခြင်းမှာ သမ္မတသည် အပိုဒ် ၂ အရ မိမိအား အပ်နှင်းထားခြင်း မရှိသည့် လုပ်ပိုင်ခွင့်ကို ကာကွယ်ရေးဦးစီးချုပ်ထံ အပ်နှင်းသည့်သဘော သက်ရောက်နေပါသဖြင့် အပိုဒ် ၂ နှင့် ၄ တို့ ရှေ့နောက်ဆက်စပ် လိုက်လျောညီထွေရှိစေရန် အပိုဒ် ၂(က)နှင့်(ခ)တို့အပြင် အပိုဒ်(ဂ)အဖြစ် **"ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ တရားစီရင်ရေးအာဏာကို ရယူသုံးစွဲခွင့်ရှိသည့်အပြင် ယင်းအာဏာကို သင့်လျော်သည့် အဖွဲ့အစည်းတစ်ရပ်ရပ် ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးဦးအား ဖြစ်စေ အပ်နှင်းဆောင်ရွက်စေနိုင်သည်"**ဟု ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း" နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံရွှေကျောင်တိုက်သစ်တွင် (၂၅)ကြိမ်မြောက် ဆရာတော်ကြီးများ နှစ်ပတ်လည်ပူဇော်ပွဲ၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ကျောင်းဆောင်သစ်(မဏိဓေယျ) ရေစက်ချ မင်္ဂလာပွဲကို (ဒုတိယဝါဆိုလဆန်း ၁၁ ရက်) ဇူလိုင် ၂၅ရက် (ဗုဒ္ဓဟူးနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက် ကြည်ညိုသဒ္ဓါပွားများကြပါရန်နှင့် လှူဒါန်းလိုသူများ ဖုန်း–၅၇၇၇၂၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၇ ရပ်ကွက် လမ်း ၂၀ (ခ)နေ မိခင်ကြီး ဒေါ်ကျင်(ခ) ဒေါ်သိန်းကျင် (၁)နှစ်ပြည့်အား ရည်စူး၍ ဦးတင်လှိုင်–ဒေါ်အေးသန်း၊ သား မောင်အောင်ကိုကိုလှိုင် မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက် အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၂

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက်တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီ၌ ယင်းကျောင်းတိုက် လေးထပ်ဆောင်တွင် ကျင်းပမည်ဖြစ်သည်။ ဝါဆိုသင်္ကန်း လှူဒါန်းလိုသူများသည် မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိမလ ဖုန်း–၀၅၇–၂၄၀၀၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

23-7 (07) 1 7/23/07, 1:59 AM

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း အီရန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၇ခုနှစ် ဇူလိုင်၂၃ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအာမက်အာဘူဂိုက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဇူလိုင် ၂၂ ရက် က မန္တလေးအသင်း(ရန်ကုန်) ရတနာပုံခန်းမ၌ ကျင်းပသည့် မန္တလေးအသင်း (ရန်ကုန်) ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးကျောင်းတိုက်မှ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရ အမှူးပြုသည့် သံဃာတော်များအား မန္တလေးအသင်း (ရန်ကုန်)၏ နာယက၊ ဥက္ကဋ္ဌ ဦးမြသောင်းနှင့် အမှုဆောင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မဟာဗောဓိ ပရိယတ္တိစာသင်တိုက်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိ ပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးတော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ အမှူးပြုသော သံဃာတော် ၂၇၈ ပါးနှင့် ပင့်သံဃာတော် အရှင်မြတ်တို့အား ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ရက် (ဇူလိုင်လ၂၈ရက်) စနေနေ့တွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာတော်များအား ပူဇော်ပွဲကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

■ *ကျောဖုံးမှ*

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ်ဝင်း အတွင်း၌ တည်ဆောက်နေသော မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမတည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒုတိယပါမောက္ခချုပ် ဦးထွန်းသိန်းက မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တည်ဆောက်ရေးတာဝန်ခံ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့(၃)မှ အင်ဂျင်နီယာမှူး ဦးသိန်းစောက ဘက်စုံခန်းမတည်ဆောက်ခြင်း လုပ်ငန်း၏သမိုင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ တာဝန်ယူတည်ဆောက်နေမှု အခြေအနေ၊ ပညာရေးဝန်ကြီးဌာနမှ ဦးစားပေး တည်ဆောက်ပေးရန် သတ်မှတ်ပေးသော လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဦးစားပေးတည်ဆောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဘက်စုံခန်းမတည်ဆောက်ရာတွင် ပညာရေးဝန်ကြီးဌာနက ဦးစားပေးတည်ဆောက်ပေးရန် တာဝန်ပေးထားသော လုပ်ငန်းများကို ယခုဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရေး၊ တက္ကသိုလ်၏ ဘက်စုံခန်းမဖြစ်သည်နှင့်အညီ အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးအောင် တည်ဆောက်ရေးတို့ကို မှာကြားပြီး ဘက်စုံခန်းမ ပုံစံငယ်နှင့် ပန္နက်ပုံစံများ၊ ဘက်စုံခန်းမ တည်ဆောက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိကြပြီး တက္ကသိုလ်အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကထိကများနှင့် တွေ့ဆုံရာ ဒုတိယပါမောက္ခချုပ် ဦးထွန်းသိန်းက မော်လမြိုင် တက္ကသိုလ်၏ သင်ကြား၊ စီမံဆိုင်ရာတို့နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပါမောက္ခများနှင့် ကထိကများက သင်ကြား၊ စီမံကိစ္စများနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မိမိတို့ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိရာတွင် အမျိုးသားရေး တာဝန်ဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ချမှတ်၍ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဦးတည်ချက်(၁၂)ရပ်တို့ကိုပါ ကဏ္ဍအလိုက် ဦးတည်ရည်မှန်း ဆောင်ရွက်ရန်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ ဆရာမများသည် မိမိတို့၏ တပည့်သားသမီးများကို အသိပညာအတတ်ပညာ အရည်အချင်းပြည့်ဝရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်သော ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရင့်ကျက်ခိုင်မာသည့် လူချွန် လူမွန်များဖြစ်အောင် ထိန်းသိမ်းပြုပြင် ပြသသင်ကြားပေးကြရန် ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်အောင် စီမံပေးရေးနှင့် ခေတ်ရေစီးကြောင်းနှင့်အတူ နိုင်ငံတကာမှ ထိုးဖောက်ဝင်ရောက်လျက်ရှိသော ယဉ်ကျေးမှုအမျိုးမျိုးတို့ကြောင့် မိမိတို့၏ ယဉ်ကျေးမှု မပျောက်ကွယ်သွားရေးတို့ကို လူငယ်ထုအတွင်း သိရှိနားလည်အောင် သင်ကြားပြသပေးကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး မော်လမြိုင်တက္ကသိုလ် ဧည့်သည်တော်မှတ်တမ်း၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မော်လမြိုင်မြို့ရှိ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ငွေစာရင်းဌာနခွဲသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်-မုဒုံကားလမ်း မိုင်တိုင်အမှတ် (၈/၁)အနီး ဖားအောက်ကျေးရွာရှိ နည်းပညာတက္ကသိုလ် (မော်လမြိုင်) ပင်မသုံးထပ်ဆောင် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ခေတ္တ ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်ကေခိုင်ဦးနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ခေတ္တကျောင်းအုပ်ကြီးက နည်းပညာတက္ကသိုလ်(မော်လမြိုင်)၏ သင်ကြား၊ စီမံကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပင်မသုံးထပ်ဆောင် တည်ဆောက်ရေး စီမံကိန်းကို တာဝန်ယူဆောက်လုပ်နေသော Collective Triangles Co., Ltd.စီမံကိန်း ဒါရိုက်တာ ဦးဇော်ဟိန်းကပင်မသုံးထပ်ဆောင် တည်ဆောက်ရေး စီမံကိန်းတစ်ခုလုံး၏ ၉၇ ဒသမ ၃၂ ရာခိုင်နှုန်းပြီးစီးနေမှု အခြေအနေနှင့် ကျန်ရှိနေသော လုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးအောင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို မေးမြန်းဆွေးနွေးမှာကြားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား ထူးချွန်ထက်မြက်အောင်၊ စည်းကမ်းဥပဒေတို့ကို လေးစားလိုက်နာကြအောင်၊ လောကနီတိ၊ မင်္ဂလာတရားတို့နှင့်အညီ ကျင့်ဝတ် စည်းကမ်းလိုက်နာနေထိုင်တတ်အောင် သွန်သင်ဆုံးမပြသပေးရေး၊ ဆရာ့ဂုဏ်နှင့်အညီ စံပြဖြစ်အောင် ကျင့်ကြံနေထိုင်ရေးတို့ကို မှာကြားပြီး ပင်မသုံးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်-မုဒုံကားလမ်း ကြာအင်းကျေးရွာရှိ မော်လမြိုင်မြို့နယ် ကော့ခမယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်ပညာရေးမှူး ဦးထွန်းရီ၊ ကျောင်းအကျိုးတော်ဆောင် ဦးဝင်းရွှေနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးအောင်တို့က ကော့ခမယ် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ကျောင်းဆောင်သစ် အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဂီတပညာခန်း၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူး ဦးချစ်စုက ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ယင်းနောက် ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုးနိုင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပေးအပ်ရာ မွန်ပြည်နယ်ပညာရေးမှူး ဦးထွန်းရီကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ပညာရေးမှူး ဦးထွန်းရီက မွန်ပြည်နယ်၏ ပညာရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့် တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော့ခမယ် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်မြစိန်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်လည်း အခြားသောကမ္ဘာ့နိုင်ငံများနည်းတူ ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ၏ စွမ်းအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားကို မြှင့်တင်ပေးနိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ခေတ်သစ်၊ စနစ်သစ်၊ နိုင်ငံတော်သစ်သို့ ညင်သာစွာကူးပြောင်းနိုင်စေရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အရေးပါလှသည့် အမျိုးသားရေးစွမ်းအားများဖြစ်သည့် နိုင်ငံသူ၊ နိုင်ငံသားများ ပညာရေး မြင့်မားမှုစွမ်းအားနှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်မြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းအားများ ထက်ထက်မြက်မြက် ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာစေရန် ပညာရေးကဏ္ဍကို အခြေပြု၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အဓိကအခန်းကဏ္ဍ

အနာဂတ်ကာလအတွက် မျှော်မှန်းတည်ဆောက်လျက်ရှိသည့် နိုင်ငံတော်သစ်ကြီးတွင် ပညာရေးသည် နိုင်ငံတော် တည်ဆောက်ရေးအပိုင်း၌ရော နိုင်ငံတော်ကို အမျိုးသားရေး အကျိုးစီးပွားဖြစ်ထွန်းလာမှု လမ်းကြောင်းပေါ်တွင် တည့်မတ်ခိုင်မာစွာ ထိန်းသိမ်းထားနိုင်မှု အပိုင်း၌ပါ အဓိကအခန်းကဏ္ဍက ပါဝင်စွမ်းဆောင်ပေးရမည် ဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံ၏ ပညာရေးမျှော်မှန်းချက်ကိုကြည့်လျှင် "မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန် " ဟူ၍ အတိအလင်း ကြေညာသတ်မှတ်ထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါကဲ့သို့ Globalization ခေတ်ကာလတွင် မိမိနိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာစွမ်းအားနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အမျိုးသား စီးပွားရေးစွမ်းအား တောင့်တင်းခိုင်မာလာစေရန်၊ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံ လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံရာတွင် မိမိတို့မျိုးရိုးစဉ်ဆက် သမိုင်းခေတ်အဆက်ဆက်၌ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် လူမှုတန်ဖိုးများ လျော့နည်းယိုယွင်းမသွားစေရအောင်ထိန်းသိမ်းကြရန်လည်းလိုအပ်လှကြောင်း၊ အထူးသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင်အယူဝါဒရေး၊ယဉ်ကျေးမှုရေး၊ထိုးဖောက်လွှမ်းမိုးမှုများကျယ်ပြန့်လာနေသည့် အချိန်အခါတွင် မိမိတို့ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံသည့် အမျိုးသားရေး စိတ်ဓာတ်စွမ်းအားကို မြဲမြံခိုင်မာစွာ တည်ဆောက်ထားနိုင်ရန် အရေးတကြီး လိုအပ်လှကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများတွင်ရှိသည့် ကျောင်းသားကျောင်းသူ လူငယ်များအား ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ခိုင်မာရေးအတွက် ပညာရေးကဏ္ဍမှ အလေးထားသွန်သင်ပေးကြရန် မှာကြားလိုကြောင်း။

စနစ်တကျရေးဆွဲ

ယနေ့ နိုင်ငံတကာ၏ မြင်ကွင်းတွင် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ အသုံးချပြီး အပြိုင်အဆိုင် ကြိုးပမ်းနေချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့်နောက်ကျမကျန်ရလေအောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဤသို့ ကြိုးပမ်းဆောင်ရွက်ရာတွင်လူသားအရင်းအမြစ်များဖြစ်သော မျိုးဆက်သစ်လူငယ်များ၏ စွမ်းဆောင်ရည်ကို ယုံကြည်စွာဖြင့် အခြေခံပညာကဏ္ဍမှစပြီး ဘက်စုံပညာထူးချွန် ထက်မြက်ရေး၊ နိုင်ငံတကာ အဆင့်မီ ပညာရည်မြင့်မားရေး၊ ခေတ်မီသိပ္ပံနည်းပညာရပ်များ တတ်သိကျွမ်းကျင်ရေးစသည့် အစီအစဉ်များကို စနစ်တကျ ရေးဆွဲပြီး ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း အသိပေး ပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပညာရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး လမ်းညွှန်မှာကြားရာတွင် **ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေးပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာ အဆင့်မီမြှင့်တင် ဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လေးစားလိုက်နာရေးနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာရေး** အစရှိသည့် ပညာရေးလုပ်ငန်းများကို အထူးအာရုံစိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။

သင်တန်းများဖွင့်လှစ်

အဆိုပါလမ်းညွှန်ချက်များနှင့်အညီ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်က စတင်ပြီး အခြေခံပညာကျောင်း၊ ရုံးများ၏ အရည်အသွေးမြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်း၊ အခြေခံပညာအထက်တန်းအဆင့် ဘာသာပြဆရာများ၏ သင်ကြားမှုအရည်အသွေးမြင့်မားရေးအတွက်အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့်၊ ရူပဗေဒ ဆရာများ မွမ်းမံသင်တန်းကို တက္ကသိုလ်နှင့် ဒီဂရီ ကောလိပ် ၃၀ တွင် ဖွင့်လှစ်လေ့ကျင့်ပေးခြင်း၊ အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲကို ၂၀၀၆ ခုနှစ် ဧပြီ ၃ ရက်မှ ၆ ရက်အထိ ကျင်းပပြီး ဘာသာရပ်သင်ရိုးအဖွဲ့အလိုက် မြှင့်တင်ရေးဆွဲခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဆက်လက်ပြီး အခြေခံပညာကျောင်းများ၏ သင်ကြားသင်ယူမှု အရည်အသွေး မြင့်မားရေးနှင့် ကျောင်းဥပဓိရုပ် သွင်ပြင်လက္ခဏာ တိုးတက်ကောင်းမွန်ရေးအတွက် ပညာရေး အရည်အသွေးပိုင်းဆိုင်ရာ သတ်မှတ်ချက် ခုနစ်ချက်၊ အသွင်သဏ္ဌာန်ဆိုင်ရာ သတ်မှတ်ချက် ငါးချက်၊ စုစုပေါင်း ၁၂ ချက် သတ်မှတ်ပေးပြီး အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းပညာရေးမှူးများနှင့် ကျောင်းစစ်ဆေးရေးအဖွဲ့များ၊ မြို့နယ်ပညာရေးမှူးများနှင့် လက်ထောက်မြို့နယ် ပညာရေးမှူးများအား သုံးလတစ်ကြိမ် အခြေခံပညာ ကျောင်းများသို့ ကွင်းဆင်းစစ်ဆေးပြီး ပညာရည်တိုးတက်ကောင်းမွန်လာစေရေးအတွက် ကြီးကြပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း အသိပေးတင်ပြလိုပါကြောင်း၊ ဆက်လက်ပြီး နိုင်ငံတော်အနေဖြင့် အခြေခံပညာကျောင်းများ ဥပဓိရုပ်တိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာမှ ကုန်ကျခံပြီး တည်ဆောက်ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ညီစေတဲ့ ညီစေ

ညီစေတဲ့ ညီစေ၊
ဒို့မြန်ပြေ(ပြည်) လေ့တော်သားတို့
မွန် ကယား ရှမ်း ကချင်
ကရင် ဗမာ ရခိုင် ချင်းတို့
တိုင်းရင်းသား အစုံလင်ပေ။
ရာကျော်နေ ဒို့သွေးသား၊
ဖွဲ့စည်းပုံ အခြေခံဥပဒေ
ပြုစုနေ ရွက်စုံဖွင့်
လွှင့်ကြစို့လား။
ညီစေတဲ့ ညီစေ
မုန်တိုင်းလေ လှိုင်းရေပုတ်
လှေမြှုပ်မည့် သည်အကြံ
ပြည်တွင်းနှင့် ပြည်ပရန်
ဝိုင်းလို့ တွန်းလှန်
လှေခွက်ချည်းကျန်
အလံမလှဲ၊
အရေးကြုံ သွေးဆုံကြ
အောင်ရမှာပဲ။
ညီစေတဲ့ ညီစေ
ဒို့ရဲ့လှေ ပြည်ထောင်စုမှာလ
ရည်ဆောင်ပြု ဆိပ်မြတ်ကမ်းသာ
သိပ်ကပ်လှမ်းလာ
ရောက်ဖို့ရာမဝေး၊
ဒို့ပန်းတိုင် ရောက်လုနီးပြီမို့
အရေးကြီးပြီ သွေးစည်းကြစို့
ပန်းတိုင်ဆီ အရောက်မှန်းလို့ရယ်
လှမ်းပြိုင်ညီ လှော်ကာမြန်းကာပ
(ညီလာခံကိုယ်စားလှယ်တို့ရယ်) လှမ်းကြစို့လေး။ ။

တက္ကသိုလ်တင်ခ

● **ရှေ့ဖုံးမှ**

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိကြပြီး ဆင်ဘိုမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ဆင်ဘိုမြို့ အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်က ဆင်ဘိုမြို့၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆောင်ရွက်မှုများနှင့် မိုးစပါး၊ နွေစပါးနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှု အခြေအနေများကို လည်းကောင်း၊ ယခင်ခရီးစဉ်များတွင် မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တက်ညီလက်ညီ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကား ပြောကြားရာတွင် ကချင်ပြည်နယ် ဆင်ဘိုမြို့သည် ယခင်က ရေလမ်းခရီးတစ်ခုသာ အသုံးပြုခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက ဆင်ဘိုမြို့ကို အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးများ အဆင့်မြှင့်တင်ပေးခဲ့သဖြင့် ဆင်ဘိုမြို့၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဆိုင်ရာများစွာ တိုးတက်ခဲ့ကြောင်း၊ မြစ်ကြီးနား-အတွဲ-ဆင်ဘို-ဝိန်းခွန်ယန်-အမတ်ကြီးကုန်း-မြို့လုတို့သို့ ဆက်သွယ်သည့် အမှတ်၃ ခရိုင်ချင်းဆက်လမ်း ၅၇ မိုင် ၃ ဖာလုံရှိ ဆင်ဘို-ဟိုပင်လမ်းနှင့် မိုင် ၄၀ ၃ဖာလုံရှိ နားလုံ(ခရာ)ဆင်ဘိုလမ်းတို့ကိုလည်း ဒေသနေပြည်သူများ သွားလာဆက်သွယ်မှုလွယ်ကူစေရန် နိုင်ငံတော်က စီမံ ဖောက်လုပ်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများကလည်းနိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျရာကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားလုံး အတူတကွလက်တွဲပူးပေါင်း၍ မြို့၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြင့်မားရေး၊ ဒေသနေ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် ထိရောက်အောင်မြင်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ စိုက်ပျိုးရေးတွင် စပါး၊ ဆီထွက်သီးနှံနှင့် ခြံစည်းရိုးကြက်ဆူတို့အပြင် ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်ပင်ရော်ဘာ၊ ကော်ဖီ၊ ငရုတ်ကောင်း၊ သရက်၊ ပိန္နဲ၊ ထောပတ်စသည့် စားသုံးသီးပင်များကိုလည်း စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးသွားကြစေလိုကြောင်း၊ စိုက်ပျိုးရေးတွင် ခေတ်မီစိုက်ပျိုး နည်းစနစ်များ ပြသပံ့ပိုးပေးခြင်းဖြင့် တောင်သူများအား စည်းရုံးဆောင်ရွက် သွားကြစေလိုကြောင်း ပြောကြားသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဆင်ဘိုမြို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့များအား အဝတ်အထည် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအဆောက်အအုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းနွဲ့က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နှစ်ထပ်ကျောင်းဆောင်အသစ်ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုရွေးချယ် သတ်မှတ်ပေးပြီး ကျောင်းဆောင် အမြန်ပြီးစီးရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့ (၁၆)ခုတင်ဆံ့ ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ ရှေးဦးစွာနယ်မြေခံတပ်ရင်းမှူးက ဆေးရုံတည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများအခြေအနေနှင့် လုပ်ငန်းတစ်ခုလုံးအနေဖြင့် ၉၀ရာခိုင်နှုန်းကျော် ပြီးစီးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တာဝန်ခံဆရာဝန် ဒေါက်တာကောင်းမြတ်စံက ဆေးရုံသစ်အတွက် ဆေးဝါးများ၊ ပစ္စည်းများ လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မင်းနှင့် တာဝန်ရှိသူများက ဆေးရုံအတွက် ဖြည့်ဆည်းပေးမည့် ဆေးရုံသုံးကိရိယာများ အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် (၁၆)ခုတင်ဆံ့ ဆေးရုံ အဆောက်အအုံ တည်ဆောက်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာတာဝန်ခံဆရာဝန် ဒေါက်တာကောင်းမြတ်စံက လိုက်လံရှင်းလင်း တင်ပြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ခန်း၌ ကြွေပြားကပ်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ဆင်ဘိုမြို့ (၁၆)ခုတင်ဆံ့ ဆေးရုံမှာ အလျားပေ၂၀၊ အနံ၁၀၃ ဒသမ၆ပေ၊ အမြင့်၁၃ပေရှိပြီး တစ်ထပ် R.C ကွန်ကရစ်ခင်းဖြစ်သည်။ အမိုးမှာ သွပ်မိုးဖြစ်ပြီး ဆေးရုံပရဝဏ် မြေဧရိယာမှာ ၃ ဒသမ ၄၄ ဧကကျယ်ဝန်းကြောင်း သိရသည်။

တက်ရောက်အားပေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့ အထွက်ရှိ ၃မိုင်ကွင်းသို့ ရောက်ရှိကြသည်။ ကွင်းအမှတ် OSS ၁၀၂ရှိ တောင်သူ ဦးဖုန်းနိုင်၏ လယ်မြေ ၄ ဒသမ ၈၀ဧက၌ ကျင်းပသည့် မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ ဒေသခံပြည်သူများနှင့်အတူ တက်ရောက်အားပေးသည်။

ရှေးဦးစွာ အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်က ဆင်ဘိုမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှု ၃မိုင်ကွင်းရှိ လယ်မြေများကို စံပြစိုက်ကွက်များအဖြစ် ဆောင်ရွက်နေမှု အခြေအနေ၊ ကွင်းအတွင်းရှိ လယ်မြေ ၁၄၄ ဒသမ ၄၄ဧကတွင် မြေအားလုံး ထွန်ရေးငင်ပြုပြင်ခဲ့ပြီး ၁၀၇ ဒသမ ၅ဧက စိုက်ပျိုးပြီးစီးခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် မိုးစပါးစိုက်ပျိုးရာ၌ နိုင်ငံတော်က သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ် စိုက်ပျိုးကြပြီး သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အပြည့်အဝ သုံးစွဲရေး၊ စိုက်နည်းစနစ် မှန်ကန်စွာဖြင့် စနစ်တကျ စိုက်ပျိုးသွားကြရန်နှင့် စိုက်ပျိုးမြေတိုးချဲ့ဖော်ထုတ်ရေး၊ စပါးအထွက် တိုးတက်မြင့်မားလာရေးတို့ကို အလေးထား ဆောင်ရွက်နိုင်ကြစေလိုကြောင်း။

ဆင်ဘိုဒေသတွင် ရာသီဥတု ရေမြေသဘာဝကောင်းမွန် ပြည့်စုံသဖြင့် စိုက်ပျိုးရေးကဏ္ဍ ရည်မှန်းချက်များပြည့်မီအောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်းနှင့် ဒေသနှင့်ကိုက်ညီမည့် ရော်ဘာပင်များ တိုးချဲ့ရေး၊ ခြံစည်းရိုး ကြက်ဆူပင်များ သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးရေးမှာကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်းဧကရီ ၃ စပါးမျိုးများကို ကြိုးတန်းစနစ်ဖြင့် ကောက်စိုက်လုံမေများက ယှဉ်ပြိုင်စိုက်ပျိုးသရုပ်ပြနေမှုကို ကြည့်ရှုအားပေးကြပြီး ကောက်စိုက်လုံမေများအား အဝတ်အထည်များကို ဂုဏ်ပြုပေးအပ်သည်။

ဆင်ဘိုမြို့၌ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးဧက၆၇၉၀ စိုက်ပျိုးရန်လျာထားခဲ့ရာ ဧက၆၈၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် မိုးစပါးကို ယခင်နှစ် စိုက်ဧကထက်၂၈၈ဧက ပို၍စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့ နယ်မြေခံ တပ်ရင်းသို့ ရောက်ရှိကြပြီး အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံကာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ရှည်သီးနှံပင်များစိုက်ပျိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ပိုမိုထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တပ်ရင်းမိသားစုများအတွက် အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက လက်ခံရယူကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များနှင့်မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ညှိနှိုင်းဆောင်ရွက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေးအတွက်ရေလှောင်တမံငယ်တည်ဆောက်ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

ယင်းကဲ့သို့ တည်ဆောက်ပြုပြင်ရာတွင် နိုင်ငံတော်ငွေနှင့်သာမကဘဲ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ NGO များ၊ စေတနာရှင်မိဘပြည်သူများနှင့် ပူးပေါင်းကာ တည်ဆောက်ပြုပြင်လျက်ရှိတာ တွေ့ရမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အနေဖြင့်လည်း လွန်ခဲ့သည့်နှစ် ၂၀၀၆-၂၀၀၇ပညာသင်နှစ်မှာ အခြေခံပညာကျောင်းများ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း၊ အဟောင်းပြုပြင် မွမ်းမံခြင်း လုပ်ငန်းများကို တည်ဆောက်ပြုပြင်ခဲ့ပါကြောင်း၊ ဤသို့ တည်ဆောက်ပြုပြင်ရာတွင် ဌာနခွင့်ပြုငွေအပြင် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှု၊ စေတနာရှင်အလှူရှင်များ၏ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အသစ်တည်ဆောက်သော အခြေခံပညာကျောင်း ၅၉ကျောင်းနှင့် အဟောင်း ပြုပြင်သော ၁၀၇ကျောင်းများအတွက် ဌာနဆိုင်ရာခွင့်ပြုငွေ ကျပ် ၄၄၃၃ သိန်းကျော်နှင့် စေတနာရှင်ပြည်သူများက ပူးပေါင်းထည့်ဝင်ငွေကျပ်၂၁၃၃သိန်းကျော်အပြင် မွန်ပြည်နယ် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းမှ ငွေကျပ် ၁၂၄သိန်းကျော်တို့ဖြင့် ပံ့ပိုးကူညီခဲ့ပြီး ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ လူအား၊ ငွေအား၊ ပစ္စည်းအားတို့ဖြင့် ကူညီပံ့ပိုးခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

အလွန်မွန်မြတ်

ယခုကျောင်းဆောင်သစ်အတွက် နိုင်ငံတော်ဘဏ္ဍာငွေကျပ်သိန်း ၂၀ နှင့် မိဘအလှူငွေ ကျပ် ၈၇၀၅၈၉၀ စုစုပေါင်း ကျပ် ၁၀၇၈၅၈၉၀ ကုန်ကျခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဥပဓိရုပ်ကောင်းမွန်ပြီး ခံ့ညားထည်ဝါ ကောင်းမွန်လှသည့် ကျောင်းဆောင်သစ်ကြီး ပေါ်ထွန်းလာအောင် လှူဒါန်းပေးခဲ့သော ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်မိဘပြည်သူများနှင့်အတူ အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြသော ပုဂ္ဂိုလ်များအားလုံးသည် အလွန်မွန်မြတ်သော ပညာဒါနကို ပြုလုပ်ခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ အလှူရှင်များ၏ စေတနာသဒ္ဒါတရားကြောင့် ကော့ခမယ်ကျေးရွာအတွင်းတွင်ရှိသည့် ကျောင်းသားကျောင်းသူ ကလေးငယ်များသည် သူတို့ဆည်းပူးလိုသော ပညာများကို အဆင့်အတန်းမြင့်မြင့်ဖြင့် သင်ကြားနိုင်ခွင့်ရရှိလာပြီဖြစ်ပါကြောင်း၊ ကျောင်းဆောင်သစ်ကြီး တည်ဆောက်မှုအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း ပြောကြားလိုကြောင်း။

ဆက်လက်ကြိုးစား

တစ်ဆက်တည်းမှာပင် မွန်ပြည်နယ်၏ ယနေ့ပညာရေးအဆင့်အတန်းသည် တိုးတက်ပြောင်းလဲနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပညာရေးအဆင့်အတန်းတိုးတက်မှု၊ ဆုတ်ယုတ်မှုကို တက္ကသိုလ်ဝင်တန်း အောင်ချက်ဖြင့် တိုင်းတာရမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်၏ လွန်ခဲ့သည့်နှစ် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်သည် ၃၃ ဒသမ ၆၄ ရာခိုင်နှုန်းဖြစ်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးတွင် အောင်ချက်အကောင်းဆုံး ပထမပြည်နယ်တစ်ခုဖြစ်ခဲ့ကြောင်း၊ ယခုနှစ် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်သည် ၄၈ဒသမ ၃၈ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယမန်နှစ်က ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦးမှ ယခုနှစ်တွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး ပေါ်ထွက်လာခဲ့ကြောင်း၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အောင်ချက်မြင့်မားရေးအတွက် ပညာရေးဌာနနှင့် ပူးပေါင်းကာ အဘက်ဘက်မှ လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုကြောင်း၊ ယခုရရှိနေသည့် မွန်ပြည်နယ်၏ ပညာရေးအဆင့်အတန်းကို နိမ့်ကျမသွားစေဘဲ လာမည့်နှစ်တွင် တိုးတက်မြင့်မားလာအောင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ NGO များ၊ ပညာရေးဌာနမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာဆရာမများအားလုံးကို စည်းလုံးညီညွတ်စွာ ဆက်လက် ကြိုးစားကြပါဟု တိုက်တွန်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မွေးဖွားရာ ဤကျောင်းဆောင်သစ်ကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ရန် အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြသော အာဏာပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ NGO အဖွဲ့များမှ ပုဂ္ဂိုလ်များ၊ စေတနာရှင် အလှူရှင် မိဘပြည်သူများအားလုံးကို အထူးပင်အလေးအနက် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အခြေခံပညာကျောင်းများမှ ဘင်ခရာတပ်ဖွဲ့များ၊ ပန်းဖွားအကအဖွဲ့များအား ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ဆင်းနွယ်ရင်စပါးမျိုး တစ်ဧကအထွက်နှုန်းပျမ်းမျှ ၁၄၃ တင်းထွက်ရှိ မျိုးစပါးအဖြစ်ထားရှိကာ မန္တလေးတိုင်းအတွင်း တိုးချဲ့စိုက်ပျိုးသွားမည်

နေပြည်တော် ဇူလိုင် ၂၂

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်းတို့သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီးနှင့်တာဝန်ရှိသူများ၊ မန္တလေးတိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင်၁၃ရက် နံနက် ၁၀နာရီက ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာအုပ်စု ကွေ့ကြီးကုန်းကျေးရွာအနီးတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန၏ နွေစပါး ၃၇ ဒသမ ၅၄ဧက စိုက်ကွင်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် အဆိုပါ စိုက်ကွင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၏ ဆင်းနွယ်ရင် နွေစပါး ၃ ဒသမ ၇၅ ဧကအား စက်ဖြင့်ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးရာ**(အပေါ်ပုံ)** မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့သည် ရိတ်သိမ်းပြီး ဆင်းနွယ်ရင်စပါး၊ ကြိတ်ခွဲပြီးဆန်နှင့် ချက်ပြုတ်ပြီး ထမင်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

သက်တမ်း

အဆိုပါဆင်းနွယ်ရင်စပါးမျိုးသည် ဘတ်စမာတီ(နံ့သာမွှေး) စပါးမျိုးနှင့် မျိုးစပ်ထားသော စပါးမျိုးဖြစ်ပြီး တစ်ဧကအထွက်နှုန်းပျမ်းမျှ ၁၄၃ တင်းထွက်ရှိသည်။ အခြားစပါးမျိုးများသည် တစ်ဧကလျှင် စပါးမျိုး တစ်တင်းခွဲ ပျိုးထောင် စိုက်ပျိုးရသော်လည်း ဆင်းနွယ်ရင်စပါးမျိုးသည် တစ်ဧကလျှင် တစ်တင်းသာပျိုးထောင် စိုက်ပျိုးနိုင်သဖြင့် စပါးမျိုး တင်းဝက်ခန့်သက်သာပြီး သက်တမ်းမှာ ၁၁၅ရက်သာ ကြာသည်။

ထူးခြားကောင်းမွန်သည့်လက္ခဏာများမှာ အသက်လျင်၍ စားသုံးမှုအရည်အသွေးကောင်းမွန်ပြီး နွေစပါးဒေသနှင့်သီးထပ်စိုက်အတွက်သင့်လျော်သဖြင့် ယခုထွက်ရှိသော ဆင်းနွယ်ရင်စပါးများကို မျိုးစပါးအဖြစ်ထားရှိပြီး မန္တလေးတိုင်းအတွင်း ဖြန့်ဝေကာ တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

ခြံစည်းရိုးကြက်ဆူ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန အမှတ်(၁)ဘက်စုံစိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူဧက ၁၀၀စိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် ဆေးဖက်ဝင် တရုတ်စံကားပင် ၁၀၀၀၀ ပြုစုပျိုးထောင်ထားရှိမှု၊ ဆီးပျိုးပင် ၁၀၀၀၀ ပြုစုပျိုးထောင်ထားရှိမှုနှင့် အုန်းပင်(မတ္တရာ)မျိုး အပင်၂၀၀၀ပြုစုပျိုးထောင် ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ကြက်ဆူပင်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန အမှတ်(၁)ဘက်စုံစိုက်ပျိုးရေးခြံတွင် စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် စိတ်ကျရောဂါသက်သာ

နယူးယောက် ဇူလိုင် ၂၂

ပုံမှန်ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်ခြင်းသည် အမျိုးသမီးများစိတ်ကျရောဂါဖြစ်ပွားမှု လျော့နည်းသက်သာစေရန် အထောက်အကူပြုကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်တစ်ရပ်၌ ဖော်ပြသည်။

ပုံမှန်အနေအထား

စိတ်ကျရောဂါ ခံစားနေရသည့် အမျိုးသမီးများအား နေ့စဉ်ပုံမှန်လေ့ကျင့်ခန်းပြုလုပ်စေပါက ရှစ်လခန့်ကာလတွင် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိစေနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကိုယ်လက်လှုပ်ရှားမှု များများပြုလုပ်သော အမျိုးသမီးများအနေဖြင့် စိတ်ကျရောဂါဖြစ်ပွားမှုနှုန်း အလွန်နည်းကြောင်း တွေ့ရှိခဲ့ရာမှ အမေရိကန်သုတေသနပညာရှင်များက ပုံမှန်ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းပြုလုပ်ခြင်းကို သုတေသနပြုခြင်းဖြစ်သည်။ ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းသည် ဆေးဝါးကုသမှုထက် ပိုမိုအကျိုးပြုကြောင်း တွေ့ရှိရသည်ဟု အမေရိကန် သုတေသနပညာရှင် ဒေါက်တာအလက်ဇန္ဒားပီလူက ပြောကြားသည်။

ကမ္ဘာကြီးပူနွေးလာမှုလျှော့ချရေး သစ်ပင်များများစိုက်ပျိုးပေး

ပါမောက္ခချုပ် ဦးဝင်းကြည်(၁)

ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးပူနွေးလာမှုသည် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုများပြားလာခြင်းကြောင့်ဖြစ်ကြောင်း၊ အပင်များသည် ၎င်းတို့ ရှင်သန်ကြီးထွားရေးအတွက် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူပြီး နေရောင်ခြည်၏ အကူအညီဖြင့် အစာ ချက်လုပ်ကြောင်း၊ ဇီဝဒြပ်ထု (Biomass) တစ်ဂရမ်ဖြစ်ပေါ်ရန် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက် ၁ ဒသမ ၆၃ ဂရမ် စုပ်ယူထားကြောင်း ၅-၆-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့် ၆-၆-၂၀၀၇ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတို့တွင်ပါရှိသည့် **"ကမ္ဘာကြီးပူနွေးလာမှု လျှော့ချရေး ဝိုင်းဝန်းကူညီဟန့်တားပေး"** ဆောင်းပါး၌ ဖော်ပြခဲ့ပါသည်။

တစ်ဦးတစ်ယောက်၏ စည်းရုံးဦးဆောင်မှုဖြင့် ၎င်းနှင့် ၎င်း၏ဆွေမျိုးမိတ်သင်္ဂဟ ၅၄ ဦးက ယခုနှစ်မိုးရာသီတွင် တစ်ဦးလျှင် သစ်ပင် ၁၀ ပင်စီ စိုက်ပျိုးပေးလိုက်ကြသည်ဆိုပါစို့၊ ယင်းသို့ စိုက်ပျိုးလိုက်သည့် သစ်ပင်ပေါင်း၅၄၀ သည် သစ်တောစိုက်ခင်းတစ်ဧကတွင် ၉ ပေ X ၉ ပေ အကွာဖြင့် စိုက်ပျိုးထားသည့် အပင်အရေအတွက်နှင့် ညီမျှပါသည်။ တစ်နည်းအားဖြင့် သစ်တော စိုက်ခင်းတစ်ဧက တည်ထောင်ပေးလိုက်ခြင်းဖြစ်ပါသည်။ စိုက်ပျိုးရာတွင်လည်း တစ်ဦးချင်း အဆင်ပြေသည့်နေရာ၊ မိမိခြံဝင်း၊ လမ်းဘေး၊ ဘုန်းကြီးကျောင်း၊ ဘုရားပရဝဏ် စသည်တို့တွင် စိုက်ပျိုးနိုင်ပါသည်။ တစ်ဆက်တစ်စပ်တည်း မြေတစ်ဧကရှိရန် မလိုပါ။

တစ်ဦးတစ်ယောက်၏ စည်းရုံးဦးဆောင်မှုဖြင့် ၎င်းနှင့် ၎င်း၏ဆွေမျိုး မိတ်သင်္ဂဟ ၅၄ဦးက ယခုနှစ်မိုးရာသီတွင် တစ်ဦးလျှင် သစ်ပင် ၁၀ ပင်စီ စိုက်ပျိုးပေးလိုက်ကြသည် ဆိုပါစို့၊ ယင်းသို့ စိုက်ပျိုးလိုက်သည့် သစ်ပင်ပေါင်း ၅၄၀ သည် သစ်တောစိုက်ခင်း တစ်ဧကတွင် ၉ပေX၉ပေအကွာဖြင့် စိုက်ပျိုးထားသည့် အပင်အရေအတွက်နှင့် ညီမျှပါသည်။ တစ်နည်းအားဖြင့် သစ်တောစိုက်ခင်းတစ်ဧက တည်ထောင်ပေးလိုက်ခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရာတွင်လည်း တစ်ဦးချင်း အဆင်ပြေသည့်နေရာ၊ မိမိခြံဝင်း၊ လမ်းဘေး၊ ဘုန်းကြီးကျောင်း၊ ဘုရားပရဝဏ် စသည်တို့တွင် စိုက်ပျိုးနိုင်ပါသည်။ တစ်ဆက်တစ်စပ်တည်း မြေတစ်ဧကရှိရန် မလိုပါ။

သစ်တောစိုက်ခင်း တစ်ဧက၏ တစ်နှစ်ပျမ်းမျှ တိုးပွားနှုန်း Mean Annual Increment(MAI) သည် သစ်မျိုးကိုလိုက်၍ ၁ ဒသမ၅ ကုဗတန်မှ ၉ ဒသမ ၄ တန်ခန့်ရှိသဖြင့် ၎င်းတို့စိုက်ပျိုးပေးလိုက်သည့် သစ်ပင်ပေါင်း ၅၄၀ ၏ တစ်နှစ်အတွင်းတွင် ထုထည်တိုးပွားနှုန်းသည် လေးကုဗတန်ခန့်ရှိသည်ဆိုပါစို့၊ သစ်ထုထည် လေးကုဗတန်သည် သစ်သားဒြပ်ထုပမာဏ ၂ ဒသမ ၈၄ မက်ထရစ်တန်ခန့်နှင့် ညီမျှပြီး ကာဗွန်ပမာဏ ၁ ဒသမ ၄၂ မက်ထရစ်တန်ခန့် ပါဝင်ပါသည်။ တစ်နည်းအားဖြင့် တစ်နှစ်အတွင်း ဖော်ပြပါ သစ်သားဒြပ်ထု ၂ဒသမ၈၄ တန်ဖြစ်ပေါ်စေရန်အတွက် သစ်ပင်များက လေထုအတွင်းမှ ကာဗွန်ဒိုင် အောက်ဆိုက် ပမာဏပေါင်း ၅ ဒသမ ၂၀ မက်ထရစ်တန်ကို စုပ်ယူခဲ့ခြင်းဖြစ်ပါသည်။

စိုက်ပျိုးသူနှင့် ၎င်း၏ ဆွေမျိုးမိတ်သင်္ဂဟများက ကမ္ဘာကြီး ပူနွေးလာမှုကို လျော့ကျစေရန် လေထုအတွင်း၌ တိုးပွားနေသည့် ကာဗွန်ဒိုင်အောက်ဆိုက် ငါးတန်ခန့်ကို လျော့နည်းသွားစေရန် ကူညီဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ ထို့အပြင် အခြားအစုအဖွဲ့ပေါင်း ၁၀၀၀၀ က တစ်ဖွဲ့လျှင် သစ်ပင်ပေါင်း ၅၄၀ စီ စိုက်ပျိုးပေးကြလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ မက်ထရစ်တန်ပေါင်း ၅၀၀၀၀ ကို လေထုအတွင်းမှ ဖယ်ရှားပေးရာ ရောက်ပါမည်။

ဤပမာဏသည် စိုက်ပျိုးထားသည့်သစ်ပင်များ ရှင်သန်နေသမျှကာလပတ်လုံး(အသက်အလွန်ကြီးထွားသည့်အချိန်မှအပ) နှစ်စဉ်နှစ်တိုင်း လေထုအတွင်းမှ ဖယ်ရှားပေးနေမည့်ပမာဏ ဖြစ်ပါသည်။ ထို့ပြင် စိုက်ပျိုးပေးထားသည့် သစ်ပင်များကို ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူပေးစေရန်အတွက် ခုတ်ယူမသုံးစွဲဘဲ ထားရှိပေးရန် မဟုတ်ပါ။ နှစ်စဉ် တစ်ဧကစီ စိုက်ပျိုးသွားပြီး ငါးနှစ်ခုတ်ပတ် (5-years Rotation) ဖြင့် ထုတ်ယူသုံးစွဲမည်ဆိုပါက ငါးနှစ်ပြည့်သည့်အချိန်တွင် ပထမဦးဆုံးနှစ်က စိုက်ပျိုးခဲ့သောသစ်ပင်များကို ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် သစ်ပင်များက နှစ်စဉ် စုပ်ယူပေးနေသော ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏကို ထိခိုက်စေမည်မဟုတ်ပါ။

ကမ္ဘာ့လေထုကြီးသည် တစ်ဆက်တစ်စပ်တည်းရှိနေသဖြင့် သစ်ပင်များ စိုက်ပျိုးခြင်းသည် နိုင်ငံတော်အတွက်သာမက ကျွန်ုပ်တို့ လူသားများနှင့် သက်ရှိများ မှီတင်းနေထိုင်ရာ ကမ္ဘာကြီးအတွက်ပါ အကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာကြီးပူနွေးလာမှုကို မိမိတို့တတ်စွမ်းသမျှ ဝိုင်းဝန်း ပါဝင်လျှော့ချရေးအတွက် ကျွန်ုပ်တို့အားလုံး သစ်ပင်များများစိုက်ပျိုးပေးကြပါစို့ဟု သစ်ပင်စိုက်ပျိုးရေးလကို ကြိုဆိုရင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များ အသိပညာပေးစည်းရုံး လုပ်ငန်းများ ရိုးသားဖြောင့်မတ်စွာဖြင့် ကြိုးစားဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မန္တလေးတိုင်းအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ အရာထမ်းများနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြည်တွင်းအခွန်များ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက လုပ်ငန်းဆောင်ရွက်မှုများဆိုင်ရာ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် အစီအစဉ်အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းက အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ရန်ရှိသည်တို့ကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်က ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ရန်ရှိသည်တို့ကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားသည်။

၎င်းနောက် ဝန်ကြီးက အမှာစကား ပြောကြားရာတွင် ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဌာန၏ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက် နိုင်ငံသားကောင်းပီသစွာ၊ ဝန်ထမ်းကောင်း ပီသစွာဖြင့် အလေးအနက်ထား ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးလုပ်ငန်းနှင့် အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဆက်ဆံရေး ပြေပြစ်ချိုသာမှုက အရေးကြီးကြောင်း၊ ဒေသခံပြည်သူများအား ငွေရေး ကြေးရေးနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များအားအသိပညာပေး စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရိုးသားဖြောင့်မတ်မှန်ကန်စွာဖြင့် ကြိုးစားဆောင်ရွက်ရန်၊ စည်းမျဉ်းဥပဒေများနှင့်အညီ တာဝန်သိစွာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ရှာဖွေပေးနေရသည့်ဌာန၊ ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းတာဝန်များဆောင်ရွက်ရသည့် ဌာနကြီးဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ဥပဒေနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုတိုင်း ထိရောက်ထက်မြက်စေရန်အတွက် ဌာနအတွင်းသာမက အခြားဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းလျာထားချက်များ ပြည့်မီကျော်လွန်ရေး ဟူသည့် အခြေအနေတွင် တင်းတိမ် ရောင့်ရဲမနေဘဲ ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် အထူးအရေးကြီးကြောင်း အကျယ်တဝင့် ပြောကြားသွားသည်။ ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂)သို့ ရောက်ရှိစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားသည်။

ရည်မှန်းချက်ပြည့်မီရေး

ထို့နောက် ဝန်ကြီးသည် ပြည်တွင်းအခွန်များဦးစီးဌာန မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်များ၏ မြို့နယ်အခွန်ဦးစီးဌာနရုံးများသို့ ရောက်ရှိစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ်နှင့် မြို့နယ်အခွန်ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက သတ်မှတ်ထားသည့် ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အခွန်ထမ်းဆောင်သူ ပြည်သူများက အခွန်လုပ်ထုံးလုပ်နည်းများ၊ အခွန်အခြေခံသတ်မှတ်မှုများကို ရှင်းလင်းလွယ်ကူစွာသဘောပေါက်စေရေး ပြောဆိုစည်းရုံးသွားရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်စာဖတ်ဝိုင်းကို ဇူလိုင် ၂၀ ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပစဉ်။ (သတင်းစဉ်)

NLD သည် ဘေးထိုင်ဘုပြောနေသည့် လူပိုအဖွဲ့တစ်ဖွဲ့ဖြစ်၊ တိုးတက်မှုများကို မသိကျိုးကျွန်ပြုအဖျက်လုပ်ရပ်များကို လုပ်ဆောင်နေ၊ လပွတ္တာမြို့နယ်မှ ပါတီဝင် ၄၆ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၂

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ရွှေနန်းချောင်းကျေးရွာနေ ဦးအောင်စန်း အပါအဝင် ၁၆ ဦး၊ ကျွန်းချောင်းကျေးရွာနေ ဦးကျော်မြင့် အပါအဝင် ၁၀ ဦး၊ ဘေထုံကျေးရွာနေ ဦးထွန်းကျော် အပါအဝင် ခြောက်ဦး၊ အုန်းပင်စုကျေးရွာနေ ဦးအောင်မြင့် အပါအဝင် ငါးဦး၊ ကြီးချောင်းကျေးရွာနေ ဦးမြင့်ကြည် အပါအဝင် သုံးဦး၊ သပြုချောင်းကျေးရွာနေ ဦးဘထွန်းအပါအဝင် နှစ်ဦး၊ အောင်သပြေကျေးရွာနေ ဦးတင်ကို အပါအဝင် နှစ်ဦး၊ နှာခေါင်းပေါက်ကျေးရွာနေ ဦးတင်ဦး၊ ဝဲချောင်းကျေးရွာနေ ဦးစိန်ကျော်ဝင်းတို့ အပါအဝင် ပါတီဝင် စုစုပေါင်း ၄၆ ဦးတို့သည် ဇူလိုင် ၁၂ ရက်တွင် ၎င်းတို့ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ဒေသနေပြည်သူများ၏အကျိုးစီးပွားကို ဖော်ဆောင်မှုမရှိကြောင်း၊ ဘေးထိုင်ဘုပြောနေသည့် လူပိုအဖွဲ့တစ်ဖွဲ့အဖြစ်သို့ရောက်နေကြောင်း၊ အာဏာကိုမက်မောပြီး အာဏာရရှိရေးကိုသာ အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားစွာ လုပ်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်၏တိုးတက်ဖြစ်ထွန်းမှုများကို မသိကျိုးကျွန်ပြုကာ အဖျက်လုပ်ရပ်များကို လုပ်ဆောင်နေသဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဦးအောင်စိန်အားရည်စူး၍ ရန်ကုန်တိုင်း လှိုင်မြို့နယ် ရန်ကုန် အင်းစိန်လမ်း သုခလမ်းထိပ် အမှတ်(၈၅)နေ ဒေါ်အေးတင်နှင့် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် သုံးသိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော်(ညောင်ခါးရှည်)အရှင် သုန္ဒရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အေးမြချမ်းသာ မဟာစည်ရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိအေးမြချမ်းသာမဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်၏ (၁၃)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် တည်ဆောက်ဆဲ ယောဂီနှစ်ထပ်ဆွမ်းစားကျောင်းဆောင် အလှူတော်ငွေ လှူဒါန်းပွဲကို (ဒုတိယဝါဆိုလပြည့်နေ့)ဇူလိုင် ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်၍ အလှူငွေများ ပါဝင်လှူဒါန်းနိုင်သည်။

ထို့အပြင် ဝါတွင်းတရားစခန်းဝင်ယောဂီများ လက်ခံလျက်ရှိပြီး နေ့စဉ် မွန်းလွဲ ၂ နာရီ တရားပွဲနှင့် ဥပုသ်နေ့အထူးတရားပွဲများတွင် အေးမြချမ်းသာ ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သီရိဓမ္မ (ဘီအေ၊ ပါဠိဂုဏ်ထူး)က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။ အလှူရှင်များအနေဖြင့် ရိပ်သာဖုန်း-၅၈၅၀၄၃ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးလှူဒါန်းခြင်းနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အခမ်းအနား ကျင်းပရေး ညှိနှိုင်းစည်းဝေး

တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၂

၂၀၀၇ခုနှစ် ရန်ကုန်မြို့၌ ဆောင်ရွက်မည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးလှူဒါန်းခြင်းနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်၁၉ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် ဝါတွင်းကာလ ဇူလိုင် ၂၉ရက်မှ အောက်တိုဘာ ၂၆ရက်အတွင်း ရန်ကုန်အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင် သုံးခုအတွင်း သံဃာ၊ သီလရှင်အပါး၅၀နှင့်အထက်ဘုန်းတော်ကြီးကျောင်းနှင့် စာသင်တိုက်များ၊ ဘိုးဘွားဂေဟာများ၊ မျက်မမြင်ပရဟိတကျောင်းများ၊ ဟိန္ဒူ၊ မွတ်စလင်နှင့် ခရစ်ယာန်ဘာသာရေး အဖွဲ့အစည်းများ၏ သက်ကြီးဂေဟာများ၊ လူမှုဝန်ထမ်းဌာနများကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လှူဒါန်းမည့်ရက်များတွင် နှစ်နေရာခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လှူဒါန်းမည့်ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့်ငွေပဒေသာပင်များကို သက်ဆိုင်ရာ ကျောင်း၊ ဂေဟာများသို့ ရောက်ရှိအောင် စုပုံဖြန့်ဝေခြင်းများကို ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လှူဒါန်းမည့်ရက်များတွင် စေတနာရှင် ပြည်သူများက ၎င်းတို့ဆန္ဒရှိသည့်အတိုင်း လှူဒါန်းလိုသည့်ပစ္စည်းများကို အချိန်မီလှူဒါန်းနိုင်ရေးအတွက်ကြိုတင်အကြောင်းကြားခြင်း၊ လိုအပ်ပါက ဖိတ်ကြားခြင်းများကို သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးရန်လိုကြောင်းတို့ကို မှာကြားသည်။

ဖြည့်စွက်ဆွေးနွေးတင်ပြ

ထို့နောက် ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်က ရန်ကုန်မြို့၌ လောင်းလှူမည့် ဆွမ်းဆန်တော်လောင်းလှူရေး လုပ်ငန်းကော်မတီဝင် အမည်စာရင်းကို ဖတ်ကြားတင်ပြ၍ အစည်းအဝေးတက်ရောက်လာသော ဌာနဆိုင်ရာများက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

၂၀၀၇ ခုနှစ် ရန်ကုန်မြို့၌ ဆောင်ရွက်မည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် ကျောင်းပေါင်း ၃၆၃ ကျောင်းနှင့်သံဃာ၊သီလရှင်နှင့်လူပုဂ္ဂိုလ် ၃၈၁၀၉ ဦးအတွက် ဆန် ၄၇၆၃ အိတ် ၁၅ပြည်၊ ဆီ ၃၂ ပီပါ ၉၈ ပိဿာ ၉၀ ကျပ်သား၊ ဆား ၃၈၁၀၉ ပိဿာ၊ ပဲ ၂၅၄ အိတ် ၁ ပိဿာ ၈၀ ကျပ်သားနှင့် ငွေပဒေသာပင်အတွက်တစ်ကျောင်းလျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၆ သိန်း သုံးသောင်း လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် စ တင် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် ကျိုက်ဝိုင်း ဘုရား အနောက်ဘက်မုခ်

နေလသစ္စာ ဆရာကြီး ဦးပညာသဒ္ဒိ၊ ကေ်ာသမနောပညာရှင် ဆရာမကြီး ဒေါ်နန်းစန္ဒာမိသားစုက ငွေကျပ်နှစ်သိန်းကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များဖြစ်ကြသည့် ဦးအေးကိုနှင့် ဦးလှိုင်တို့က လက်ခံရယူစဉ်။ (က-ပ)

ဒီကောင်ဘယ်သူတုန်း ဇာတ်ကားသစ်ပြသ မရေရာသောလူငယ်တစ်ဦးဘဝ ဟာသနှောရိုက်ကူးထား

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇူလိုင် ၂၂

ခြေသလုံးအိမ်တိုင် နေတိုးတစ်ယောက် ငွေကြေးချမ်းသာသူ သူဌေးတစ်ဦးကို အကြောင်းပြု၍ ခုချမ်းသာလိုက်၊ ခုလမ်းဘေးပြန်ရောက်လိုက် ဖြစ်ရပုံများကို ဟာသနှောကာရိုက်ကူးထားသော ဇာတ်မြူးကားဖြစ်သည့် **ဒီကောင် ဘယ်သူတုန်း** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့်မင်္ဂလာရုံများတွင် ပြသလျက်ရှိသည်။ ယင်းဇာတ်ကားတွင် နေတိုး၊အိန္ဒြာကျော်ဇင်၊ မော့စ်၊ ထွန်းထွန်းနိုင်၊ မိုးဒီ၊ အရိုင်း၊ ရော၊ ကျော်ထူး၊ ကင်းကောင်၊ ဖိုးဖြူနှင့် ညောင်ညောင်တို့ ပါဝင်ထားပြီး မေတ္တာ၊ ပွင့်၊ ဘုန်းလျှံနှင့် ညီဘွားတို့လည်း ဧည့်သည်သရုပ်ဆောင်များအဖြစ် ပါဝင်ထားသည်။

ကျွန်တော့်ချစ်သူပြောသောသူ့ချစ်သူအကြောင်း ဇာတ်ကားမှာ ဝဇီရာ (၁)၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်နှင့်ဧရာဝတီရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ရွှေဆောင်ရုံတွင် Spider Man (3) ပြသနေပြီး နေပြည်တော်ရုံတွင် Pirates of the Caribbean (At World's End)ဇာတ်ကားသစ် ရုံဝင်လာ သည်။ ယင်းဇာတ်ကားမှာ ကာရေဘီယံ ပင်လယ်ဓားပြများကို အပြီးတိုင်ချေမှုန်း သုတ်သင်သောအက်ရှင်ဇာတ်ကားဖြစ်သည်။ ရွှေဂုန်ရုံ အပေါ်ထပ်၌ ဗန်ဒိန်းနှင့် ဂျိန်းကလောက်တို့ ပါဝင်သော Universal Soldier ဇာတ်ကားပြသနေပြီး မြေညီထပ်၌ Kya Kehna အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။

ကျွန်တော့်ချစ်သူ ပြောသောသူ့ချစ်သူအကြောင်းဇာတ်ကားမှ လွင်မိုးနှင့် နန္ဒာလှိုင်။

အိန္ဒိယဇာတ်ကားများ

မြို့လယ်ဆုထူးပန်ရုံတွင် သီဝဇာတ်လုံးရှာပုံတော် Kolli Malai Singam ဇာတ်ကားရုံဝင်လာသည်။ ဘုရင့်ရုံတွင် ဝိညာဉ်ဇာတ်ကား Vaah Life Ho Toh Aisi ဆက်လက်ပြသနေဆဲဖြစ်သည်။ မြို့မရုံတွင် Dayamat ဇာတ်ကား ရုံဝင်လာသည်။

ဒွေးအလှူငွေအထူးပွဲ

ဖိုးကျော်၏ ဇာတ်ညွှန်းကို ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးပြီး ဒွေးနှင့်နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်ထားသည့် **ချစ်စကားတစ်ခွန်း အမှန်ဆိုပါသည်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားသစ် မြေနီကုန်းရှိ ရွှေမန်းရုပ်ရှင်ရုံတွင် ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက အထူးပွဲပြသသည်။ အထူးပွဲမှ ရရှိသောဝင်ငွေအားလုံးကို ဒွေးအတွက် ရည်စူး၍ ချောင်းဝဆရာတော်ထံ လှူဒါန်းမည်ဟု သိရသည်။

လွင်မိုး၊ နေဆန်းနှင့် ထက်ထက်မိုးဦးတို့ ခေါင်းဆောင်ပါဝင်ထားသော **ဆယ်ပြားတန်စိတ်ကူး** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ရုံဝင်လာသည်။

ကျော်ရဲအောင်၊ စိုးမြတ်သူဇာ (နှစ်ကိုယ်ခွဲ)၊ ကျော်ကျော်ဗိုနှင့်စိုးမြတ်နန္ဒာ တို့ပါဝင်ထားသော **တော်မဝင်ပါ ... သို့သော်** အဆင့်မြင့်မြန်မာ ဗီဒီယိုဇာတ်ကားကို ရွှေမန်း၊ စံပြ၊ သီတာ၊ မြရတနာရုံများတွင် ကြည့်ရှုကြရမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ဒီကောင် ဘယ်သူတုန်း ဇာတ်ကားမှ နေတိုးနှင့်အိန္ဒြာကျော်ဇင်တို့၏ ဇာတ်ဝင်ခန်းတစ်ခန်း။

ဆေးနှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှု လျော့နည်းရေးဆွေးနွေး

ပဲခူးတိုင်း ဝေါမြို့နယ် ဆေးနှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှု လျော့နည်းရေး ဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၁၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်နုက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ဆေးရုံ လက်ထောက်ဆရာဝန် ဒေါက်တာအေးကျော့ကျော့လတ်က ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်းဖြင့် ကျန်းမာရေး ထိခိုက်မှုကိုလည်းကောင်း၊ ဒုတိယရဲမှူးဌေးအောင်က ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုလျော့နည်းစေရေး ဥပဒေနှင့်ဆက်စပ်ဖမ်းဆီးတရားစွဲဆိုသည့် ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ **(၃၇၅)**

ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ်

နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ဃန်းကျွန်းမြို့နယ် (င/က)ရပ်ကွက် ဇိနမာရ်အောင်စေတီတော်အတွင်းရှိ တာဝတိံသာမြတ်စွာဘုရား တာဝတိံသာ တက်ပွဲနှင့် သံဃမဟာနာယကဆရာတော်ကြီးများနှင့် ဓမ္မဝိဟာရ ပထမကျော် စာသင်တိုက်နှင့် ဓမ္မရိပ်သာအတွင်း ဝါဆိုဝါကပ်ကြမည့် သံဃာတော်အရှင်မြတ်တို့အား စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်) ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဟု သိရသည်။ (က-ပ)

ဟားခါးလက်ဖက်စိုက်ပွဲ

ချင်းပြည်နယ် ဟားခါးမြို့နယ် လက်ဖက်စိုက်ပွဲတော်ကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂နာရီက မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြေကွက်၌ ကျင်းပသည်။

အဆိုပါ လက်ဖက်စိုက်ပွဲကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်ကျိန်ရှင်းနဲမ်က ဦးဆောင်ပြီး အဖွဲ့ဝန်ထမ်းများနှင့် လက်ဖက်ပင် ၃၀၀၀အား စိုက်ပျိုးခဲ့ရာ အမှူးဆောင်အရာရှိ ဦးတမ်အောင်က ကြီးကြပ်ဆောင်ရွက်ပေးသည်။ (ပြည်နယ် ပြန်/ဆက်)

မြန်မာ့အလင်း
ပြည်တွင်း
သတင်း
အတိုအထွာ

ခြံစည်းရိုးကြက်ဆူစိုက်ခင်း စုပေါင်းပြုပြင်

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် ၁၁ ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်စိုးနိုင်ဦးဆောင်၍ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်သူများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို ဇွန် ၁၇ ရက်က ပြုပြင်စိုက်ပျိုးကြကြောင်း သိရသည်။ **(က-ပ)**

တောင်ကြီး မေတ္တာရှင် ကုသိုလ်ဖြစ်ဆေးခန်း အလှူငွေများ လှူဒါန်းနိုင်

တောင်ကြီးမြို့ မေတ္တာရှင်ကုသိုလ်ဖြစ်(အခမဲ့)ဆေးခန်းအား ဖေဖော်ဝါရီ ၁၆ ရက်က စတင်ဖွင့်လှစ်ရာ စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိပြီး ဇန်နဝါရီလတွင် အလှူငွေကျပ် ၄၇၄၀၀၀၊ ဖေဖော်ဝါရီလတွင် ငွေကျပ် ၃၄၅၉၉၈၀၊ မတ်လတွင် ငွေကျပ် ၈၆၅၂၃၀၊ ဧပြီလတွင် ငွေကျပ် ၂၂၁၅၄၇၀၊ မေလတွင် ငွေကျပ် ၁၄၃၈၁၀၀၊ ဇွန်လတွင် ငွေကျပ် ၁၁၇၉၇၀၀ တို့ကို လာရောက်လှူဒါန်းကြသည်။

မေတ္တာရှင်ဆေးခန်းကလည်း ဇန်နဝါရီလမှ ဇွန်လအထိ လူနာပေါင်း ၆၂၁၉ ဦးတို့အား အခမဲ့ဆေးဝါး ကုသပေးခြင်း၊ သွေးလိုအပ်သည့် လူနာ ၆၉ ဦးအား သွေးလှူဒါန်းခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ လှူဒါန်းလိုပါက မေတ္တာရှင်ကုသိုလ်ဖြစ်(အခမဲ့)ဆေးခန်း နဂါးပွက် ပရိယတ္တိစာသင်တိုက် အနောက်မြို့ပတ်လမ်း တောင်ကြီးမြို့နှင့် ဦးညွန့်မောင် ဥက္ကဋ္ဌ ဖုန်း-၀၈၁-၂၂၈၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကင်းမြို့နယ်၁၆ ရပ်ကွက် ပြည်သာယာမွေ့ရာဝေါပကအဖွဲ့က ကြီးမှူး၍ ဇူလိုင်၂၉ရက်နံနက် ၈နာရီတွင် ဓမ္မစကြာအခါတော်နေ့ ကျင်းပပြီး နံနက်၉နာရီတွင်ပြည်သာယာစာသင်တိုက်၊စွန်းလွန်းရိပ်သာကျောင်းတိုက်၊ ရွှေပြည်ဟိန်းကျောင်းတိုက်၊ မြို့ဦးပရိယတ္တိစာသင်တိုက်များမှ ပဓာန နာယက ဆရာတော်ကြီးများအား ပင့်ဖိတ်၍ ဝါဆိုသင်္ကန်းဆက်ကပ်ပါမည်။ ဝါတွင်းသုံးလပတ်လုံး တနင်္ဂနွေနေ့နံနက်တိုင်းတွင်မြို့နယ်အတွင်းရှိ သံဃာအပါး ၃၀၀ တို့အား အရုဏ်ဆွမ်း လောင်းလှူကြမည်ဟု သိရသည်။ **(က-ပ)**

ကျိုက္ကစံလယ်တီကျောင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်အရှေ့ဘက် ဗုဒ္ဓဂယာ သတ္တဌာန ဗုဒ္ဓခုနစ်ဆူ ရုပ်ပွားတော်များ တည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး မူလပဓာန နာယက (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘဒ္ဒန္တသုမင်္ဂလ လယ်တီဆရာတော်အား ရည်စူးကုသိုလ်တော်အဖြစ် ကောဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သီလရှင်၊ ယောဂီများအား ဝတ်စုံလှူဒါန်းပွဲကို (ဒုတိယဝါဆိုလပြည့်နေ့) ဇူလိုင် ၂၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ယင်းကျောင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်သည်။ ဆက်သွယ်လှူဒါန်းလိုပါက သင်္ကန်းတစ်စုံလျှင် ကျပ် ၅၀၀၀၊ သီလရှင်ဝတ်စုံ တစ်စုံလျှင် ကျပ် ၅၀၀၀နှင့် ယောဂီဝတ်စုံတစ်စုံလျှင် ကျပ် ၃၀၀၀ တို့ဖြင့် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၅၆၀၇၁၀သို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၅၂)**

အလှကုန်ပစ္စည်းများ မိတ်ဆက်ပွဲနှင့် ဆံပင်ကျန်းမာရေးဝန်ဆောင်မှုဌာနဖွင့်

ရန်ကုန် ဇူလိုင် ၂၂

ဦးအစီမိသားစု ကုမ္ပဏီလီမိတက်က မြန်မာနိုင်ငံ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော ဆံပင်ပြန်လည်ရှင်သန်ပေါက်ရောက်စေသည့် အလှကုန် 101 Hair Tonicဆံကေသာအတွက် အထူးသင့်တော်သော 101 Shampooနှင့် ဝက်ခြံများကို ၁၈ ရက်အတွင်း လုံးဝပျောက်ကင်းစေသော 101-E အစရှိသော အလှကုန်ပစ္စည်းများ မိတ်ဆက်ပွဲနှင့် မန္တလေးမြို့၌ 101 Hair Regrow Center(4) ဆံပင်ကျန်းမာရေးဝန်ဆောင်မှုဌာန ၄ ဖွင့်ပွဲကို ဇူလိုင် ၁၉ ရက်တွင် မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပသည်။ (အောက်ယာပုံ)

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဦးအစီမိသားစု ကုမ္ပဏီလီမိတက်၏ ဆံပင်နည်းပညာရှင် ကိုဆွေအောင်ခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ 101 ဆံပင်နည်းပညာရှင် Miss Chen Yan က 101 Hair Tonic သုံးစွဲပြီး ဆံကေသာများ ပြန်လည်ကောင်းမွန်လာမှုနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့ရှိ 101 Hair Regrow Center များ၌ 101 Hair Tonic အသုံးပြုပြီး ပြန်လည်ကောင်းမွန်လာသူ ကိုအောင်နိုင်၊ ဒေါ်သိန်းသိန်းမြင့်၊ မခိုင်ဝါထွန်းတို့က ၎င်းတို့ 101 Hair Tonic မသုံးမီကပုံများနှင့် 101 Hair Tonic သုံးပြီး ပြန်လည်ကောင်းမွန်လာပုံများကိုဓာတ်ပုံနှင့်တစ်ကွ လက်တွေ့သရုပ်ပြ ရှင်းလင်းပြသကြသည်။

အောင်မြင်

101 Hair Tonic သည် ဆံပင်ကျွတ်သူများအတွက် အထူးစီမံဖော်စပ်ထားပြီး နိုင်ငံတကာ ကုန်ပစ္စည်းပြပွဲတွင် အော်စကာဆုရရှိခဲ့သော ဆံပင်ပြန်လည်ရှင်သန်ရန်အတွက် အကောင်းဆုံးအလှကုန် ကုန်ပစ္စည်းဖြစ်သည်။ ယင်းအလှကုန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အရှေ့ပြားပါရဂူ မစ္စတာကျောက်ကျန်ကွမ်းက ၁၉၇၄ခုနှစ်တွင် စမ်းသပ်ရှာဖွေတွေ့ရှိခဲ့သဖြင့် သိပ္ပံနည်းကျဖော်စပ်ထုတ်လုပ်ထားသည့် နိုင်ငံပေါင်း ၁၀၀ ကျော်၌ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်မှစတင်၍ ယနေ့တိုင် အောင်မြင်နေသော ကုန်ပစ္စည်းဖြစ်သည့်101 ခေါင်းလျှော်ရည်သည် ဆံပင်ပျော့ပျောင်းစေခြင်း၊ ဖောက်ပျောက်စေခြင်း၊ ဆံပင်ကျွတ်ခြင်းမှ သိသိသာသာ ကာကွယ်ပေးသော အကျိုးအာနိသင်များရှိပြီး ခေါင်းလျှော်ရည်သုံးစွဲခြင်းဖြင့် ဆံပင်အမွေးအိတ်များကို ရှင်သန်နိုးကြားစေခြင်း၊ ဆံခြည်မျှင်သွေးကြောများကို ပုံမှန်လည်ပတ်စေ၍ ဆံပင်အဖျားနစ်ခွဖြစ်ခြင်းနှင့် ဆံပင်များ မွဲခြောက်ခြောက်ဖြစ်ခြင်းမှ ကာကွယ်ပေးသည်။

ချောမွေ့စေ

101E အလှကုန်သည် မျက်နှာပေါ်တွင် ဖြစ်တတ်သည့် ဝက်ခြံများအပြင် ရင်ဘတ်၊ ကျောကုန်း၊ ခန္ဓာကိုယ်အနှံ့တွင်ပေါက်တတ်သော အပူကြောင့်ဖြစ်သော အဖုအပိမ့်၊ အနာများရှိပါက လိမ်းပေးခြင်းအားဖြင့် ရောင်ရမ်းခြင်းများကို ကာကွယ်ပေးသည့်အပြင် အမာရွတ်များ လုံးဝမကျန်ရစ်သည်အထိ အသားအရေကို ပင်ကိုမူလအတိုင်း ချောမွေ့စေသည်။

101ကုန်ပစ္စည်းများကို ဆေးဖက်ဝင် သဘာဝသစ်မြစ်၊ သစ်ဖုများဖြင့် သိပ္ပံနည်းကျစွာ စီမံဖော်စပ်ထားသည်။

ဆက်သွယ်စုံစမ်း

အသေးစိတ် သိလိုပါက မ/၁၀၇ (ဂ) ၆၅လမ်း ချယ်ရီလမ်းထိပ် ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၆၂၂၅၃နှင့် ရန်ကုန်မြို့၌ အမှတ် ၁၁၅ လမ်း၂၀ လသာမြို့နယ် ဖုန်း-၀၁-၂၅၁၂၃၀ အမှတ် (၁၅) သပြေညိုလမ်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၁၈၀၈၈၊ အမှတ် (၅၅) ကျောက်မြောင်းဈေးလမ်း တာမွေမြို့နယ် ဖုန်း-၀၁-၅၅၄၃၉၁တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရန်ကုန်တိုင်းရုံး)မိသားစု ဒသမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရန်ကုန်တိုင်းရုံး)မိသားစုတို့၏ ဒသမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၅ ရပ်ကွက်ရှိ နန်းဦး (ပရဟိတ)စာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်ကြည့်ညို

အခမ်းအနားသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နန်းဦး (ပရဟိတ) စာသင်တိုက် ဆရာတော် ဓမ္မာစရိယ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးဓမ္မသေဋ္ဌထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး**(အပေါ်ပုံ)**နှင့် ပရိသတ်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် နန်းဦး (ပရဟိတ) စာသင်တိုက် ဓမ္မကထိက ဆရာတော် ဦးဝဏ္ဏိသရက အနုမောဒနာတရားချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

အမှိုက်ပုံ ရွှေ့ပြောင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စဥ့်ငူရပ်ကွက် ၅ခန်းတွဲ ၄လမ်းနှင့် ရပ်ကွက်မွှေ့ရာဂုံကြီးအကြားရှိ အမှိုက်ပုံကြီးကြောင့် ၄ လမ်းမှာ ပိတ်ဆို့လုနီးဖြစ်နေပြီး အနီးဝန်းကျင်နေထိုင်သူများမှာ အနံ့ဆိုးများ၊ ခြင်၊ ယင်များကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် လူနေအိမ်များနှင့် ဝေးရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးများမခံနိုင်သူ

ရေစီးရေလာ ကောင်းစေချင်

စာတည်းရှင့်-

ရန်ကုန်မြို့ လမ်းမတော်ပလာဇာ လူနေတိုက်ခန်းများနှင့် လသာမြို့နယ် (၁၇)လမ်း တိုက်များကြား၌ မိုးရေ၊ ညစ်ညမ်းရေများ၊ အမှိုက်များကြောင့် လမ်းကြား၌ ပိတ်ဆို့၍ ရေမြောင်းများ ရေလျှံလျက်ရှိရာ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်ပေးပါ

စာတည်းရှင့်-

ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်) ယုဇနဥယျာဉ်မြို့တော် တိုက်ခေါင်မိုးများပေါ်တွင်ရှိသော သံရေကန်များမှာ သံချေးတက်ဆွေးမြည့်နေခြင်း၊ ရေကန်များအတွင်း သံချေး၊ ရွှံ့၊ ရေညှိနှင့် ခရုများရှိနေခြင်းတို့အပြင် ဖြန့်ဝေသောရေမှာလည်း မကောင်း၍ ရေသန့်ရရှိရေးကို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရေကောင်းလိုသူ

မီးစက်ဆူညံသံ နားမခံနိုင်

စာတည်းရှင့်-

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၄)ရပ်ကွက် သီဂီလမ်းရှိ မီးစက်ကြီးသည် အသံလုံခန်းမရှိဘဲ ညစဉ်ဆူညံစွာ မောင်းနှင်လျက်ရှိရာ မီးစက်ဆူညံသံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ အိပ်၍မရဘဲ အနှောင့်အယှက်ဖြစ်ရပါသဖြင့် ၎င်းမီးစက်ကို သင့်တော်မည့်နေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူများ

ကားမှတ်တိုင် သင့်တော်ရာပြောင်းစေချင်

စာတည်းခင်ဗျား-

ရန်ကင်းမြို့နယ် ပါရမီလမ်းမကြီးပေါ်ရှိ မဥ္ဇူမှတ်တိုင်သည် မြစပယ်လမ်းထိပ်နှင့် နှင်းဆီလမ်းထိပ်တို့တွင် ရှိပါသည်။ လမ်း၏ဝဲယာတွင် အဆိုပါမှတ်တိုင် မျက်နှာချင်းဆိုင်ရှိနေသောကြောင့် ယာဉ်ကြောပိတ်ဆို့နေပါသဖြင့် မဥ္ဇူမှတ်တိုင်ကို သင့်တော်ရာနေရာသို့ ပြောင်းရွှေ့ပေးသင့်ကြောင်း တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်ကင်းလိုသူ

စက်ရေတွင်း ရေရရှိရေး ဆောင်ရွက်ပြီးစီး

(၁၁-၆-၂၀၀၇)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ဥက္ကလာပမြို့နယ် ၆ ရပ်ကွက် အင်း၀ ၄လမ်းမှ ၈ လမ်းအထိ စက်ရေတွင်းမှ ရေရရှိရေး စီစဉ်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

ကျူးကျော်တဲများ စိစစ်ဆောင်ရွက်ပြီးစီး

(၂၆-၂-၂၀၀၇)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရန်ကင်းမြို့နယ် ၁၆ ရပ်ကွက် ပြည်သာယာလမ်းဘေး ဝဲယာရှိ ကျူးကျော်တဲများ စိစစ်ပေးစေချင်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

ဝန်ကြီးဌာနပေါင်းစုံ ဒုတိယအဆင့် အုပ်စုပတ်လည်ဘောလုံးပြိုင်ပွဲ ပြန်ကြားရေးနှင့် ရထားပို့ဆောင်ရေးအသင်းတို့ နှစ်ဂိုးစီ သရေကျ

နေပြည်တော် ဇူလိုင် ၂၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီက နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ပေါင်းလောင်းအားကစားကွင်း ညနေ ၄ နာရီပွဲ (ဂဂ)အုပ်စု

ပြန်ကြားရေးဝန်ကြီးဌာန	၂ – ၂	**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

ပြိုင်ပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဇူလိုင် ၂၃ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ (ဂဂ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဇူလိုင် ၂၄ ရက်တွင် (ဃဃ)အုပ်စုမှ ပညာရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းတို့သည်လည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် (ဃဃ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ နေ့စဉ် ညနေ ၄ နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ဝန်ကြီးဌာနပေါင်းစုံ ဒုတိယအဆင့်အုပ်စုပတ်လည် ဘောလုံးပြိုင်ပွဲတွင် (ဂဂ)အုပ်စုမှ ပြန်ကြားရေးအသင်းနှင့် ရထားပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

ရွှေမင်းဝံသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၂

ရွှေမင်းဝံသာသနာ့ရိပ်သာ အမှတ် ၇၀ သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ်တွင် (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆို လပြည့်ကျော်၁၄ ရက် (ဩဂုတ်၁၂ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် ရိပ်သာ ဓမ္မဗိမာန်တော်အပေါ်ထပ်၌ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ (က–ပ)

၂၂–၇–၂၀၀၇ ရက်

အာရှဖလား ကွာတားဖိုင်နယ်ရလဒ်

တောင်ကိုရီးယား	၄ – ၂	အီရန်	**(ပိုင်နယ်တီအဆုံးအဖြတ်)**
ဆော်ဒီအာရေဗျ	၂ – ၁	ဥဇဘက်ကစ္စတန်	

(၁၈)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ စတင်ယှဉ်ပြိုင်

သတင်း၊မြင်ကွင်းနှင့်ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၂

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၁၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲနှင့် အမျိုးသား တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အားပေးပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

"ရွေးချယ်ခံရသည့် ကစားသမားများသည် ကသာခရိုင်မှဖြစ်ပြီး တစ်နှစ်လုံးနီးပါး လေ့ကျင့်ထားသူများဖြစ်" ဦးမြင့်ထူး နည်းပြဆရာ စစ်ကိုင်းတိုင်း

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။ ထို့နောက် အားကစားသမားများ အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၁၁ သင်းနှင့် အမျိုးသမီး ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အမျိုးသား အုပ်စု(က)တွင် မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်၊ အုပ်စု(ခ)တွင် ရန်ကုန်တိုင်း၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်၊ အုပ်စု(ဂ)တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းနှင့် ကရင်ပြည်နယ်၊ အုပ်စု(ဃ)တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ပဲခူးတိုင်းတို့ ပါဝင်ကြသည်။

အမျိုးသမီး (က)အုပ်စုတွင် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်း၊ (ခ)အုပ်စုတွင် ရန်ကုန်တိုင်း၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ ပါဝင်ကြသည်။ အုပ်စုတွင်းမှ ပထမနှင့် ဒုတိယအသင်း နှစ်သင်း အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အကြိုတ်အနယ်

ဖွင့်ပွဲအပြီး ပြိုင်ပွဲများကို စတင်ကျင်းပရာ အမျိုးသားအုပ်စုတွင်း ပြိုင်ပွဲ (က)အုပ်စုတွင် ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး ဧရာဝတီတိုင်းက ၃၇ မှတ်၊ ၃၆ မှတ်ဖြင့် အနိုင်ရရှိသွားသည်။ အမျိုးသား (ဂ)အုပ်စုတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)က စစ်ကိုင်းတိုင်းကို ၇၄ မှတ်၊ ၄၈ မှတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ စစ်ကိုင်းတိုင်းက ပဲခူးတိုင်းကို ၈၅ မှတ်၊ ၂၀ မှတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။

"အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် မိမိတို့ ဘတ်စကက်ဘောအဖွဲ့ချုပ်အနေဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်" ဦးမောင်မောင်မြင့် အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်

မြန်မာ့အလင်း သတင်းအဖွဲ့သည် ပြိုင်ပွဲစမီ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့်၊ ယမန်နှစ်ချန်ပီယံ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်း နည်းပြဆရာ ဦးမြင့်ထူးတို့အား ပြိုင်ပွဲရည်ရွယ်ချက်၊ ပါဝင်ယှဉ်ပြိုင်မှုအခြေအနေများကို တွေ့ဆုံ မေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်။

အဆင့်အတန်းမြင့်မြင့်

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့်က "မိမိတို့ ပြည်နယ်နှင့်တိုင်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး၊ အားကစားစိတ်ဓာတ် မြင့်မားတိုးတက်ရန်နှင့် ဘတ်စကက်ဘော အားကစားနည်း မြန်မာပြည်အနှံ့ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ဘတ်စကက်ဘော အဖွဲ့ချုပ်အနေဖြင့် အဆင့်အတန်းမြင့်မြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

ဒိုင်းပိုင်ပြီး

စစ်ကိုင်းတိုင်း အမျိုးသမီးအသင်း နည်းပြဆရာ ဦးမြင့်ထူးက "မိမိတို့ ယခုပြိုင်ပွဲ အုပ်ချုပ်သူနည်းပြဆရာနှင့် ကစားသမားအပါအဝင် စုစုပေါင်း ၁၅ ဦးဖြင့် လာရောက် ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ မိမိတို့ တိုင်းအနေဖြင့် ယခု ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက်ဖြင့် ဒိုင်းအပိုင် ရရှိထားပြီး ယခု လေးနှစ်ဆက်တိုက် အောင်နိုင်ရေးအတွက် အထူးကြိုးစား ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ပွဲဦးထွက်ပွဲစဉ်တွင် ပဲခူးတိုင်းအသင်းကို အနိုင်ရရှိထားကြောင်းဖြင့်" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

အမျိုးသမီးပြိုင်ပွဲ (က)အုပ်စုမှ စစ်ကိုင်းတိုင်းအသင်း ထိုးဖောက်မှုကို ပဲခူးတိုင်းအသင်းက ဤသို့ ဟန့်တားခဲ့သည်။ (မြန်မာ့အလင်း)

သုံးနှစ်ဆက်တိုက် လက်ရှိချန်ပီယံ စစ်ကိုင်းတိုင်းအသင်းအား နည်းပြဆရာနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ယနေ့ပွဲများ

ဇူလိုင် ၂၃ ရက် **(ယနေ့)** နံနက် ၉ နာရီတွင် အမျိုးသားပြိုင်ပွဲ၌ မန္တလေးတိုင်းနှင့် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ပဲခူးတိုင်း၊ အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ဘတ်စကက်ဘော အားကစားဝါသနာရှင်များအား သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကလောမြို့နေ ဦးအောင်ထွေး (လ/ထ ကထိက၊ ငြိမ်း)-ဒေါ်ဥမ္မာအောင်
(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)
(ACE မက်မန်းယိုစုံနှင့်ဝိုင်လုပ်ငန်း)တို့၏သား

ဗိုလ်ကြီးစိုးဝဏ္ဏအောင် B.E (Mechanical)
D.S.T.A (5 th Intake)

နှင့်

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးဝင်းအောင်(အမှတ်-၂၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ဝင်းမာကျော် တို့၏သမီး

မသန္တာအောင်
M.E (Civil) M.T.U
[စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)၊ နယ်စပ်/စည်ပင်]

တို့သည် ၂၂-၇-၂၀၀၇ရက်တွင် နှစ်ဖက်သောလူကြီးမိဘများနှင့် ဂုဏ်သရေရှိ လူကြီးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးစိုးဝဏ္ဏအောင်-မသန္တာအောင်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၁၉နေ ဦးဝင်းမြင့်- ဒေါ်ဝင်းမြ (ရွှေပန်းသီးစတိုး)တို့၏သားထွေး

မောင်အောင်ကိုမင်း
Final Year (Business Management)
JSM International Co., Ltd.

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဥဿဖယားလမ်း၊ အမှတ် ၃၂နေ (ထောင်မှူးကြီး ဦးကြင်မောင်)-ဒေါ်နုနုရီ(အလက-၄၊ ဒဂုံတောင်) တို့၏သမီးကြီး

မအေးပပမောင်(ခ)ထက်ထက်
B.A (Business Management) D.A (LCCI) (UK)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ လက်ထပ်ပြီး ဖြစ်ပါ၍ ၂၂-၇-၂၀၀၇ရက်(တနင်္ဂနွေနေ့)တွင် Excel Treasure Hotel, Crystal Jade Wedding Hall ၌ မင်္ဂလာဧည့်ခံပွဲ ကျင်းပပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ကိုမင်း- မအေးပပမောင်။

(၃၅)နှစ်ပြည့် မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင်ချစ်ဖေဖေ **ဒေါက်တာဦးအောင်သန်း** (အဖွဲ့ခေါင်းဆောင် ဆရာဝန်၊ ရွှေဘိုခရိုင် ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့)နှင့် ချစ်မေမေ **ဒေါ်ကြည်ကြည်ဝင်း** (မြတ်မွန်ဆေးကုခန်း)တို့၏ ၂၃-၇-၂၀၀၇ရက်တွင်ကျရောက်သော (၃၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သား၊ ချစ်သမီးများ၊ ချစ်မြေးများနှင့် ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ကြပါစေ။

ချစ်သားကြီး	–	**မောင်ဝင်းနိုင် B.A (Myanmar) –**
		မဖူးပွင့်သွယ် B.A (French)Q; MUFL
ချစ်မြေး	–	**သက်နှင်းအိမ်**
ချစ်သမီးကြီး	–	**ဒေါက်တာမင်းမင်းထွန်း (မေ့ဆေး)၊**
		မကွေးဆေးတက္ကသိုလ် –
		မမေမျိုးအောင် B.Sc (Zoology)
ချစ်မြေး	–	**ဉာဏ်လင်းထွန်း**
ချစ်သမီးငယ်	–	**မစုစုဝင်း B.Sc (Maths:), M.P.A**
ချစ်သမီးလေး	–	**မခိုင်သဥ္ဇာ B.A (English), MUFL: M.C.Sc**
		(နည်းပြ၊ ကွန်ပျူတာတက္ကသိုလ်၊ မုံရွာ)။

အသုံးမလိုတော့သော
လေအေးပေးစက်
ဝယ်လိုပါသည်။
ဖုန်း-၃၉၄၉၄၂

ရမှတ်ကောင်းရမည်
IELTS
Exams;
Call;514273,Time

ဦးအောင်ဟိန်းကျော်
-Translation
သီးသန့် တန်း ဖွင့်ပြီ
အင်္ဂလိပ်စကားပြော • အလွတ်မကျက်ဘဲပြောတတ်ရမည်
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
အင်္ဂလိပ်စာရေးနည်း • အခြေခံမှစ၍ရေးတတ်အောင်သင်သည်
၁၈၂ ဆိပ်ကမ်းသာလမ်းအလယ်၊ရန်ကုန်. 392468, 095171841

ပြိုင်မြင်း ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

RACEHORSE

သင်၏ နေ့စဉ်ဝင်ငွေတိုးရန် အခွင့်အလမ်းကောင်းတစ်ရပ်



- လိုင်စင်"ဟ"နံပါတ်ရရှိထားခြင်း
- ဈေးနှုန်းသင့်တင့်မျှတခြင်းနှင့် ဆီစားနှုန်းသက်သာခြင်း (တစ်ဂါလန် မိုင် ၆၀)
- အငှားယာဉ်၊ ကုန်တင်ယာဉ်နှင့်စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ခြင်းကြောင့် ပြိုင်မြင်း သုံးဘီးယာဉ်များကို သုံးစွဲခြင်းဖြင့် သင်၏နေ့စဉ်ဝင်ငွေတိုးစေပါသည်။

ခေတ်မီတိုးတက်သော နည်းပညာဖြင့် သုံးဘီးဆိုင်ကယ်တစ်မျိုးသာထုတ်လုပ်သည်။

ရန်ကုန်ရုံးချုပ် – အမှတ် ၂၃၆၊ သစ်ရာပင်လမ်း၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။
ဖုန်း-၅၆၀၄၂၉၊ ၀၉၅၀၂၄၂၀၀၊ ၀၉၅၀၂၈၈၄၂၊ ၀၉၅၁၇၂၁၅၆
နယ်ကိုယ်စားလှယ်များ- မကွေး ၀၉၅၃၄၀၈၄၃၊ မန္တလေး ၀၉၂၀၁၅၈၃၅၊ လှိုင်ကော် ၀၈၃-၂၁၈၁၉၊ ထားဝယ် ၀၅၉-၂၁၉၁၈။

7DAY SPORTS journal

သင့်အတွက်
အသစ်လွင်ဆုံး၊ အလတ်ဆတ်ဆုံး၊ အပြည့်စုံဆုံး
အားကစားဆိုင်ရာသတင်းများ၊ သတင်းဆောင်းပါးများ၊ ကဏ္ဍစုံလင်စွာ
ဘောလုံးရသအပြည့်ဖြင့် ယနေ့ထွက်ပြီ။

ထွက်ပြီ

Tel: 01-243 542
09-51-73255

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၃)၊အမှတ်(၂၈)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၃)၊ အမှတ်(၂၈)တွင် 'ဘုရားမလို့ ဘာရောဂါမှ မတွေ့ပါစေနှင့်' မျက်မှောက်ရေးရာသုံးသပ်ချက် အထူးသတင်းဆောင်းပါးနှင့်အတူ ကြိုပွိုင့်ဆောက်လုပ်ရေးအချို့၏ မမှန်မကန်လုပ်ရပ်များကြောင့် ဝယ်ယူသူများတွင် နစ်နာမှုရှိနေ၊ မိုးကြိုးထိခဲ့သော ကလေးငယ်ကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့၊ မြန်မာကုမ္ပဏီများ ပြည်ပကုမ္ပဏီများနှင့်ဆက်သွယ်လုပ်ကိုင်နိုင်ရန် UMFCCI အကူအညီပေးမည်၊ မြန်မာ-တရုတ် ကုန်သွယ်ရေး ဒေါ်လာသန်းရှစ်ရာထိ တိုးတက်လာ၊ ထွက်ခွာရန် အချိန်ကြန့်ကြာမှုများရှိလာ၍ မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်လိုသူနည်းလာ စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ရာဖေးလ်ဘင်နီတက်ဇ်၏ NEW VERSION နှင့် ပွဲထွက်လာမယ့် လီဗာပူးလ်' အားကစားဆောင်းပါးနှင့်အတူ နို့အေးချောင်းတုတ်ဖြင့် စတန့်သမားကြီးတည်ထားဆောက်သော ဗိုင်းကင်းလေ့ အတ္တလန္တိတ်ကိုကျော်မည်ဆို၊ အဏုမြူဆိုင်ရာကွပ်ကဲရေး ခေတ်ပေါင်းဖိုရုံ မလေးရှား တည်ဆောက်ရန်ရှိ၊ ကျားသစ်မျိုးသစ်နက် မွေးကင်းစကို အမဲလိုက်ခွေးမကြီးက မွေးစား၊ သက်ရှိထင်ရှား ကမ္ဘာ့အရပ်အမြင့်ဆုံးလူ သူ့သတို့သမီးကို မြေမနင်းစေရဟုဆို၊ တောင်ကိုရီးယားမှလောင်စာဆီ မြောက်ကိုရီးယားသို့စတင်ပို့ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e- Empire Media House က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၃-၇-၂၀၀၇ရက်
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၃၀	၇။	International News
၈:၄၅	၈။	Grammar Made Easy
၉:၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တေးဂီတအစီအစဉ်
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၀၀	၅။	အကပဒေသာ
၁၇:၁၀	၆။	မြန်မာ့ရိုးရာတောဓလေ့ ကျေးလက်တေးသံများ
၁၇:၂၀	၇။	မြန်မာစာ မြန်မာစကား
၁၇:၃၀	၈။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၄၀	၉။	"Sea of Life"
၁၇:၅၀	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀	၁၄။	**လုံ လုံ လုံ** ဖိုးဉာဏ်၊ မေကဗျာ (ဒါရိုက်တာ-မလိခ စိုးထိုက်အောင်)
၁၉:၀၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **သန်းတစ်ရာရွှေအိပ်မက်** (အပိုင်း-၁၈)
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၂၉)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

ဇူလိုင်၂၁ရက်က ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် မြင်းပြိုင်ကွင်းလမ်းမပေါ် စနေ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်ညွန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(က-ပ)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ပါကစ္စတန်၌ရေလွှမ်း၊ ၅၆ဦးသေဆုံး

အစ္စလမ္မာဘတ် ဇူလိုင် ၂၂

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဇူလိုင်၂၂ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းခဲ့ရာ ၅၆ဦး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

သေဆုံး

အစ္စလမ္မာဘတ်မြို့ အနောက်မြောက်ဘက် မိုင်၂၀၀ခန့်အကွာရှိ ဒီရာအရပ်၌ ရေလွှမ်းခြင်းဖြစ်ပြီး မိုးရွာသွန်းမှုကြောင့် တောင်ကျရေများလည်း ဒလဟောစီးဆင်းခဲ့ရာမှ နေအိမ်များပျက်စီးကာ ဒေသခံများ သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု သတင်း၌ ဖော်ပြသည်။

ပြင်သစ်၌ ခရီးသည်တင်ဘတ်စ်ကားတိမ်းမှောက်၊ ၂၆ဦးသေဆုံး

ဂရီနိုဘလီ ဇူလိုင် ၂၂

ပြင်သစ်နိုင်ငံအရှေ့ပိုင်း ဂရီနိုဘလီမြို့အနီးတွင် ဇူလိုင်၂၂ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီးတိမ်းမှောက်ကာ မြစ်ထဲထိုးကျခဲ့မှုကြောင့် ခရီးသည် ၂၆ဦး သေဆုံးပြီး ဒဏ်ရာအများအပြားရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

လိုက်ပါခဲ့

အဆိုပါဖြစ်ရပ်မှာ မတော်တဆဖြစ်ပြီး ၎င်းကားပေါ်၌ ခရီးသည် ၅၂ဦး လိုက်ပါခဲ့ခြင်းဖြစ်ကာ ခရီးသည် ထက်ဝက်ခန့် သေဆုံးခဲ့ခြင်းဖြစ်သည်။

မြူတိမ်ကင်းလို့ လမင်းသာ . . . ရွှေညာမြေက မြို့တောင်သာ

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

၂၀၀၇ခုနှစ် ဇူလိုင်လ ၉ရက်နေ့။ ဤနေ့သည် ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံသောနေ့ တစ်နေ့ဖြစ်သည်။ ကြည်လင်နေသော ကောင်းကင်၏ နံနက်ခင်း နေခြည်နုအောက်ဝယ်တောင်သာမြို့ ‘မင်းစု’ အလယ်တန်းကျောင်းဝင်းအတွင်း၌ ထောင်သောင်းမက များပြားလှစွာသော လူထုပရိသတ်ကြီးသည် ပျားပန်းခတ်မျှ ကြိတ်ကြိတ်တိုး လှုပ်ရှားနေကြသည်။ အားလုံး၏မျက်နှာများမှာရွှင်လန်းတက်ကြွနေကြသည်။

ဤနေ့တွင် မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် အတွင်းဝယ် မျက်စိအခမဲ့ ခွဲစိတ်ကုသမှုအောင်ပွဲ အခမ်းအနားကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကျင်းပနိုင်ခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများ ဖြစ်ကြသော ပါမောက္ခဒေါက်တာကံညွန့်၊ ပါမောက္ခဒေါက်တာတင်ဝင်းတို့ ဦးဆောင်သည့် မျက်စိအထူးကု အဖွဲ့သည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာခင်ဆန်းနွယ် လိုက်ပါလျက် ဇူလိုင်လ ၅ရက်နေ့မှ ၉ရက်နေ့အထိ တောင်သာဆေးရုံ အတွင်း၌ တောင်သာမြို့နှင့် အနီးပတ်ဝန်းကျင် မြို့ရွာ၊ ရပ်ကွက်တို့မှ မျက်စိဝေဒနာရှင်များကို အခမဲ့ ကွင်းဆင်း ခွဲစိတ်ကုသမှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ သို့ဖြစ်ရာ ဇူလိုင်၉ရက် နံနက် ၇နာရီ အချိန်တွင် မျက်စိအလင်း ရာနှုန်းပြည့် ပြန်လည် ရရှိခဲ့ပြီဖြစ်သော ဒေသခံပြည်သူ ၄၀၆ဦးနှင့်အတူ ထိုသူတို့၏ သားသမီး၊ မြေးမြစ်များ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခွဲစိတ်ကုသပေးခဲ့ကြသော မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် အလှူရှင်တို့အားလုံး ဝမ်းသာပီတိ အပြုံးကို ဆောင်လျက် တစုတဝေးတည်း ရောက်ရှိနေကြသည့် မြင်ကွင်းမှာ ဘယ်ပန်းချီရေး၍ မမီနိုင်တော့ပေ။

ဤခရီးစဉ် စတင်ခဲ့ပုံကို တင်ပြလိုပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ခင်ဆန်းနွယ် တို့သည် မိမိတို့၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော တောင်သာမြို့နယ် အတွင်းမှ ရပ်ဆွေရပ်မျိုး၊ ဒေသခံပြည်သူများကို စက္ခုအလင်း ပေးလှူလိုသော စိတ်ဆန္ဒ ထက်သန်မှု၊ Mother Trading Co.,Ltd. ၏ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မြတ်က ကုန်ကျစရိတ် အဝဝကို တာဝန်ယူမှု၊ မျက်စိခွဲစိတ်ရေးဆိုင်ရာစီစဉ်မှုများကို စာရေးသူက တာဝန်ယူပံ့ပိုးခဲ့မှုတို့ဖြင့် ဤခရီးစဉ်ကြီး အကောင်အထည် ပေါ်ခဲ့ရပေသည်။

ခရီးစဉ် မစတင်မီ တစ်လအလိုကတည်းက ကြိုတင်၍ အနီးအနား ရပ်ကွက်ကျေးရွာနှင့် စက်ရုံ အလုပ်ရုံများကို လိုက်လံကြေညာ ဆော်ဩထားခဲ့ပြီး ၁၃-၆-၂၀၀၇ရက်နေ့တွင်တော့ အစ်မကြီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ အလှူရှင် ဦးအောင်မြတ်နှင့် ကျွန်မတို့ သုံးဦးသည် တောင်သာမြို့သို့ ကြိုတင်သွားရောက်ခဲ့ကြသည်။ ဝဲလောင်၊ တောင်သာ၊ ကျောဇီ တိုက်နယ်ဆေးရုံ သုံးခုတို့၏ ဆေးရုံ အကျယ်အဝန်း၊ ခွဲစိတ်ခန်း အနေအထားများကို သေချာစွာ ကြည့်ရှုခဲ့ပြီးနောက်မှ လူပေါင်းများစွာကို ကုသမှုပေးနိုင်ရန် အဆင်ပြေဆုံးသောနေရာဌာနကို ရွေးချယ်ခဲ့ကြသည်။ တောင်သာဆေးရုံမှာ ခုတင်(၅၀)ဆံ့ ဖြစ်သော်လည်း ဆေးရုံအင်္ဂါရပ်နှင့် ပြည့်စုံညီညွတ်နေသည့်အပြင် ပြည်သူလူထု အခြေပြုမျက်စိကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အသင့်လျော်ဆုံး ဖြစ်နေခဲ့သည်။

ထို့ကြောင့် တောင်သာဆေးရုံအုပ် ဒေါက်တာဇော်ထွန်းနှင့် ဆေးရုံဝန်ထမ်းများ၊ မြင်းခြံခရိုင် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလဲ့လဲ့မူသိဏ်း၊ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးစိုးရွှေ၊ အတွင်းရေးမှူး ဦးသန်းနိုင်၊ စွပ်ကျယ်စက်ရုံ စက်ရုံမှူး ဗိုလ်ကြီးစောလင်းနှင့် စက်ရုံဝန်ထမ်းများတို့ အားလုံးပူးပေါင်းကာ တက်ညီလက်ညီဖြင့် ကြိုတင်စီစဉ်မှုများ ပြုလုပ်ခဲ့ကြသည်။

အစ်မကြီး ဒေါက်တာ ခင်ဆန်းနွယ်က ဆရာဝန်နှင့် လူနာကြား ဆက်သွယ်ပေါင်းကူး၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး အဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီ အဖွဲ့ဝင်များဘက်က လုပ်ငန်းအဆင်ပြေစေရန် OPD ကြည့်မည့်နေရာ၊ မျက်မှန်စမ်းမည့်နေရာ၊ မှန်ပါဝါ တိုင်းတာမည့်နေရာ၊ သွေးပေါင်ချိန်တိုင်းခြင်း၊ ဆီးချိုစစ်ဆေးခြင်း ပြုလုပ်မည့် နေရာတို့ကို စာရေးသူက ရွေးချယ်သတ်မှတ်ပေးခဲ့သလို ခွဲစိတ်ခန်းတွင်း လေအေးပေးစက် တပ်ဆင်ခြင်းနှင့် အခြားလိုအပ်သည်များကို ဆေးရုံအုပ်နှင့် ညှိနှိုင်းစီစဉ်ခြင်း၊ အလှူရှင်က ငွေကြေးပံ့ပိုးမှုအပိုင်း စသည်ဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍကို စနစ်တကျ စီစဉ်နိုင်ခဲ့ကြသည်။ ဒေသခံတာဝန်ရှိသူများ အနေဖြင့်လည်း တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ဖူးသည့် ဤပွဲအတွက် အားတက်သရောဖြင့် စိတ်ရောကိုယ်ပါ ကြိုးပမ်းခဲ့ကြသည်။

သို့ဖြင့် စာရေးသူတို့အဖွဲ့ ရောက်ရှိလာသောအခါ တောင်သာမြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက်များ သာမက မန္တလေး၊ အမရပူရ၊ မြင်းခြံ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ ကျောက်ပန်းတောင်း၊ ချောက်၊ ပေါက်၊ ပုဂံညောင်ဦး၊ ရေစကြိုစသည့်မြို့များမှ မျက်စိ ဝေဒနာရှင်များပါ လာရောက်ပြသကြရာ တောင်သာ တစ်မြို့လုံး ခြေချစရာနေရာ မကျန်လောက်အောင် လူအုပ်ကြီးဖြင့် ကြက်ပျံမကျ ဖြစ်နေခဲ့သည်။

သို့သော်လည်း ရပ်ဝေးရပ်နီး မြို့နယ်၊ ကျေးရွာ အလိုက် တစ်နေ့လျှင် လူနာဦးရေ တစ်ထောင်နှုန်း ကန့်သတ်ကာ ပြသစေခဲ့ရာ အေးအေးချမ်းချမ်းဖြင့် စနစ်တကျ ရှိနေခဲ့ကြသည်။ ပြင်ပလူနာကြည့်သည့် နေရာတွင် ဒေါက်တာလှကေသီ၊ ဒေါက်တာ ညိုညိုမင်း၊ ဒေါက်တာ စောသွင်မွန်သိန်း၊ ဒေါက်တာအေးမြတ်ဦး၊ ဒေါက်တာ စိုးမင်းအောင်၊ ဒေါက်တာ အောင်မိုးထွန်း၊ ဒေါက်တာ သိန်းထွင့်တို့က စားပွဲတစ်လုံး၊ ဆရာဝန်နှစ်ဦး၊ လူနာနှစ်ယောက် တစ်ပြိုင်နက် ကြည့်ပေးနေကြသည်။ ခွဲစိတ်ခန်း အတွင်းတွင်လည်း ဆရာကြီးနှစ်ဦးက ဦးဆောင်၍ ဒေါက်တာမိုးကျော်၊ ဒေါက်တာအေးကို၊ ဒေါက်တာ ကေသီမြင့်တို့က မိုက်ကရိုစကုပ် ငါးလုံး၊ လူနာငါးဦး တစ်ပြိုင်နက် ခွဲစိတ်ပေးနေကြသလို ခွဲစိတ်ကုသသူ ဆရာဝန်များ လျင်မြန်စေရန် ဒေါက်တာ ချောဝေလွင်၊ ဒေါက်တာမိုးအေးလတ်၊ ဒေါက်တာနှင်းယုချစ်ဆိုင်တို့က ထုံဆေးများကို အဆက်မပြတ် ထိုးပေးကြခြင်းတို့ကြောင့် များစွာခရီးရောက်လှပေသည်။

OPD ကြည့်သည့်နေရာတွင် အစ်မကြီး ဒေါက်တာ ခင်ဆန်းနွယ် ဦးဆောင်သော လူမှုရေးအသင်းအဖွဲ့ဝင်များက ခွဲစိတ်မည့်လူနာများကို ခွဲစိတ်ခန်းသို့ ပို့ပေးခြင်း၊ ခွဲစိတ်ခန်းမဝင်ခင် သွေးပေါင်ချိန်ခြင်း၊ ဆီးချိုရှိမရှိ တိုင်းတာခြင်း၊ မျက်တွင်း မှန်ပါဝါ တိုင်းတာခြင်း၊ မျက်တောင်မွေးညှပ်ပြီးနောက် မျက်နှာသစ်စေ၍ သူငယ်အိမ်ချဲ့ခြင်းစသည့် အဆင့်ဆင့် အစီအစဉ်အတိုင်း လူနာတစ်ဦးလျှင် အဖွဲ့ဝင်တစ်ဦးကျနှုန်းဖြင့် တာဝန်ယူပေးနေခဲ့သည်။ မျက်မှန်စမ်းရန်ဟု ဆရာဝန်က ညွှန်ကြားလိုက်သည်နှင့် လူနာကို တစ်ပါတည်း လက်ဆွဲ၍ မျက်မှန်စမ်းသပ်ခန်းသို့ ကြင်နာဖေးမမှုများဖြင့် ပို့ဆောင်ပေးနေကြသည့် မြင်ကွင်းမှာ ကြည်နူးစရာ အတိပင်။

မျက်စိ ခွဲစိတ်ကုသမှု ခံယူပြီးသူများအား ပါမောက္ခဒေါက်တာကံညွန့် ဦးဆောင်သော မျက်စိကု ဆရာဝန်ကြီးများက ဤသို့ စမ်းသပ်စစ်ဆေးပေးကြသည်။ (သတင်းစဉ်)

မျက်စိ ခွဲစိတ်ကုသမှု ခံယူပြီးသူများအား ပါမောက္ခ ဒေါက်တာတင်ဝင်း ဦးဆောင်သော မျက်စိကု ဆရာဝန်ကြီးများက စမ်းသပ်စစ်ဆေးကြစဉ်။ (သတင်းစဉ်)

မျက်စိ ခွဲစိတ်ကုသမှု ခံယူပြီးသူများအား မျက်စိဆရာဝန်ကြီးများက ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များကို ဤသို့ အသေးစိတ် ရှင်းလင်းပြောကြားသည်။ (သတင်းစဉ်)

OPD လူနာတစ်နေ့ တစ်ထောင်ကြည့်မည် သတ်မှတ်ထားသော်လည်း ဒေသခံပြည်သူများမှာ နံနက်၂နာရီ ကတည်းက တိုကင်နံပါတ်ယူရန် ဆေးရုံအဝ၌ စောင့်ဆိုင်းနေခဲ့ကြသည့် လူအုပ်ကြီးကြောင့် တစ်နေ့လျှင် လူနာ နှစ်ထောင်ကျော်သည်အထိ မနားတမ်း ကြည့်ရှုပေးဖြစ်တော့သည်။

ဤခရီးစဉ်၏ ကြိုတင်ခရီးမှစ၍ စ၊ လယ်၊ ဆုံး မားမားမတ်မတ်ရှိနေခဲ့သော အလှူရှင် ဦးအောင်မြတ်နှင့် အစ်မကြီး ဒေါက်တာခင်ဆန်းနွယ်တို့၏ လှုပ်ရှားမှုများမှသည် အတွေးတစ်ခု ဖြစ်ပေါ်လာခဲ့ရပြန်သည်။ လူတို့၏ ကံအကျိုးပေးများက မတူညီနိုင်၊ ဘဝဘဝများဝယ် ဆင်းရဲ ချမ်းသာ ဆူကြုံနိမ့်မြင့်ရှိနေကြမည်ပင်။ ယခုလို ဘဝအခြေအနေ မြင့်မားပြည့်စုံသူများက ဆင်းရဲနိမ့်ကျသူများအပေါ် မျှဝေခံစား ကူညီနိုင်သူ၊ ရင်မှဖြစ်သော စေတနာ၊ မေတ္တာများဖြင့် ငွေအားသာမက၊ စိတ်ရောကိုယ်ပါ မြှုပ်နှံပေးဆပ်နိုင်သူများသည် **နှလုံးသားဖြင့် လောကကို အလှဆင်နေသူများသာ** ဖြစ်သည်။ အခြားအလှူဒါနပေါင်းများစွာကို နေရာအမျိုးမျိုးတွင် ပုံစံအမျိုးမျိုးနှင့် လှူဒါန်းခဲ့ဖူးသော အလှူရှင်မှာ ယခုကဲ့သို့ မကြုံစဖူး လူတိုင်းမလှူနိုင်သည့် စက္ခုအလင်းအလှူအတွက် ကိုယ်တိုင်လိုက်ပါ စိတ်ဓာတ်ဖြူစင်၊ တက်ကြွစွာ ဝေဒနာရှင်ပြည်သူများအကြား မမောနိုင်၊ မပန်းနိုင် လိုအပ်သမျှကို အဘက်ဘက်မှ ကူညီပံ့ပိုးပေးနေမှု၊ အစ်မကြီး ဒေါက်တာခင်ဆန်းနွယ်၏ ငယ်ရွယ်သူများပင် လိုက်မမီအောင် သွက်လက်ဖျတ်လတ်စွာ၊ ထောင့်စေ့အောင် စီစဉ်ပေးနေမှု၊ စက်ရုံမှူး ဗိုလ်ကြီးစောလင်းတို့က အားလုံးလိုလေသေးမရှိ အနီးကပ်ပံ့ပိုး ပေးနေမှုများက ဤခရီးစဉ် အောင်မြင်ရေးအတွက် ကြီးမားသော အထောက်အပံ့များ ဖြစ်ခဲ့ရပေသည်။

သုံးရက်အတွင်း လူနာပေါင်း ၇၈၂၄ဦးကို ကြည့်ရှုပေးနိုင်ခဲ့ပြီး အတွင်းတိမ်လူနာ ၃၆၀၊ မျက်သားတက်၊ မျက်စိစွံ၊ မျက်တောင်မွေးစိုက်လူနာ ၄၆ဦး စုစုပေါင်း ၄၀၆ဦးကို ခွဲစိတ်ပေးနိုင်ခဲ့သည်။ အမှန်တကယ် အတွင်းတိမ်လူနာ ရွေးချယ်သည့်အခါ မျက်စိနှစ်ဖက် စလုံးမမြင်သူ၊ အလင်းရောင်ပျပျသာ မြင်တော့သူ၊ အသက်အရွယ်၊ အလုပ်အကိုင်စသည့် ဦးစားပေးစနစ်များဖြင့် ရွေးချယ်ပေးသော်လည်း လာပြသည့် လူနာများမှာအားလုံးနီးပါးအရေးကြီးဦးစားပေးရမည့်သူချည်း ဖြစ်နေခဲ့သည်။ OPD လူနာစာအုပ်တွင် A, B, C စသဖြင့် အဆင့်သတ်မှတ်ပေးပြီး ခွဲစိတ်ပေးခဲ့သော်လည်း နောက်ဆုံးနေ့တွင် ပထမအဆင့် A ချည်းပင် ၂၀၀ခန့်မျှ ကျန်နေသေးရာ သနားစဖွယ် ထိုလူနာများအတွက် မည်သို့စီစဉ်ရမည်မသိ ဖြစ်ခဲ့ရသည်။

ထို့နောက်မှ ဆရာကြီး ဒေါက်တာကံညွန့်က အစ်မကြီး ဒေါက်တာ ခင်ဆန်းနွယ်နှင့်အလှူရှင်တို့၏ အကြံဉာဏ်ဖြင့်ပင် မြင်းခြံဆေးရုံသို့ လွှဲအပ်စေခဲ့ရာ မြင်းခြံမြို့မှ မျက်စိအထူးကုဆရာဝန်များဖြစ်ကြသော

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

23-7 (15) 1 7/23/07, 1:59 AM

THREE FRIENDS CONSTRUCTION CO., LTD.
သန့်သစ်ခေတ်မီ ကောင်းမွန်သောလက်ရာ ကျွမ်းကျင်သောဝန်ဆောင်မှုတို့ဖြင့်

အိမ်အတွင်းအပြင်အလှဆင်ခြင်းလုပ်ငန်းများ ✤အခန်းဖွဲ့ခြင်း(ဂျပ်ဆင်ဘုတ်၊အုတ်၊T & G ,Thaiply) ✤လျှာထိုးခင်းခြင်း၊✤မျက်နှာကြက်အလှဆင်ခြင်း၊ ✤ပါကေးခင်းခြင်း၊✤ကြွေပြားကပ်ခြင်း၊ ✤ဆေးသုတ်ခြင်း၊✤ပေါလစ်တင်ခြင်း၊✤လျှပ်စစ်လုပ်ငန်းများ၊✤ရေသွယ်တန်းခြင်း၊ ✤မှန်၊Composite၊ ✤အလူမီနီယံများဖြင့်အလှဆင်ခြင်း ✤စတီးလ်လုပ်ငန်းများ(စတီးလ်ဖြင့်လက်ရန်း၊ပရိဘောဂများပြုလုပ်ခြင်း)✤သံပန်းလုပ်ငန်းများ(သံပန်း၊သံတံခါး၊ဆန်းရှိတ်)✤Rollershutter (လိပ်တံခါး) ✤ Architectural Design ရေးဆွဲပေးခြင်း၊ ***အိမ်အလှဆင်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း*** ✤ပလတ်စတာကောနစ်၊ ✤ပလတ်စတာဘုတ်၊ ✤ဂျပ်ဆင်ဘုတ်၊ ✤ပလတ်စတာချည်မျှင်၊ ✤ပလတ်စတာအမှုန့်၊ ✤နံရံကပ် Wall Paper ✤အသင့်ခင်းလျှာထိုးပြား၊✤C-channel ✤Black Screw ✤L-Bar၊ ✤တံခါး၊ ✤ Door Lock ၊✤ ပါကေးတုံး၊ ***အထပ်မြင့်နှင့်လုံးချင်းအိမ်များဆောက်လုပ်ပေးခြင်း*** (PAE) ✤30' x 40' နှစ်ထပ် RC အဆောက်အအုံအတွက်(ပစ္စည်း+လက်ခ+ကြီးကြပ်ခ) ခန့်မှန်းကုန်ကျစရိတ်မှာကျပ်သိန်း(၃၀၀)ကျော်ကုန်ကျပါမည်။

Decoration လုပ်ငန်းများကို *31st August* အတွင်း *5 %* မှ *10 %* အထိ *Discount*

44A(1)၊ ကျိုက်တော်အိမ်ရာ၊ (ရန်ကုန်ကုန်သွယ်မှုဇတ်ိုဌာနအနောက်)၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်။
☎ 01-294864,298341,299947,201478 📱 09-50 11443,09-50 10289,09-51 54853,09-51 55037

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လမ်းကတ္တရာခင်းလုပ်ငန်းသုံးအတွက် Bitumen Emulsion ကို အောက်ပါအတိုင်း ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Bitumen Emulsion	တန်(၅၀၀)

ဈေးနှုန်းလွှာပိတ်ရက်မှာ ၃၁-၇-၂၀၀၇ရက် (၁၆:၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံ တစ်စုံလျှင်ကျပ် ၂၀၀၀(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ဦးဌေးအောင် ၁၂/ပဘတ(နိုင်) ၀၀၉၃၇၄ နှင့် အများသိစေရန်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၆၃လမ်း၊ အမှတ်-၃၄(၆လွှာ)၊ ခေါင်းရင်းခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးဉာဏ်ဝင်း ၁၀/မဒန(နိုင်)၁၀၃၉၁၉ က ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပါသည်။ အဆိုပါအခန်းကို ဦးဌေးအောင် ၁၂/ပဘတ(နိုင်)၀၀၉၃၇၄ အား ၁၇-၁၀-၂၀၀၆ ရက်စွဲပါ အိမ်ငှားစာချုပ်ဖြင့် ၁၇-၁၀-၂၀၀၆ ရက်မှ ၁၇-၄-၂၀၀၇ ရက်အထိ ခြောက်လပြတ်ငှားရမ်းခဲ့ပါသည်။

ငှားရမ်းကာလ ခြောက်လပြည့်ပြီးနောက် ဦးဌေးအောင်သည် အခန်းကို ဦးဉာဏ်ဝင်းထံ ပြန်လည်အပ်နှံခြင်းမရှိဘဲ သော့ခတ်လျက်ထားရှိခဲ့ပြီး ဦးဌေးအောင်အား စုံစမ်းမရရှိဘဲဖြစ်နေပါသည်။ သို့ဖြစ်၍ ဦးဌေးအောင်အနေဖြင့် အငှားရယူထားသည့် အခန်းကို ပိုင်ရှင်အား ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်လာရောက်အပ်နှံရန် အသိပေးကြေညာအပ်ပါသည်။ ပျက်ကွက်ပါက ဥပဒေနည်းလမ်း၊ အုပ်ချုပ်ရေးနည်းလမ်းတို့အရ အခန်းပြန်လည်ရရှိရေး ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးဌေးအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဉာဏ်ဝင်း အမှတ်-၃၄၊ နောင်ခရေကျေးရွာ၊ မုဒုံမြို့နယ်၊
မွန်ပြည်နယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်ဇော် B.Sc, H.G.P,R.L,D.B.L,D,M.L
တရားရုံးချုပ်ရှေ့နေ(စဉ်-၂၈၃၀)
ဦးမင်းလွင်ထူး LL.B အထက်တန်းရှေ့နေ(စဉ်-၂၁၂၉၆)
အမှတ်-၈၃(ပထမထပ်)ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၇၄၇၉၆။

အမည်ပြောင်း

အဖ ဦးမြင့်အောင်၏သား အထက (၂) မုဒုံတက္ကသိုလ်ဝင်တန်း(B)မှ မောင်ထွန်းရွှေစိန်အား ယနေ့မှစ၍ မောင်ထွန်းငြိမ်းဦးဟုပြောင်းလဲခေါ်ပါရန်။

မောင်ထွန်းငြိမ်းဦး။

အမည်ပြောင်း

အဖ ဦးကျင်သောင်း၏ သား အထက(၂) မှော်ဘီမြို့နယ် တက္ကသိုလ်ဝင်တန်းအောင်မှ မောင်သူရအောင် အား ယနေ့မှစ၍ မောင်သက်မျိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သက်မျိုးအောင်
၁၂/မဘန(နိုင်) ၁၂၃၀၇၂။

အမွေဆက်ခံခွင့်အက်ဥပဒေပုဒ်မ ၃၀၇အရ လျှောက်ထားကြောင်း
အကြောင်းကြားစာ
ရန်ကုန်တိုင်း တရားရုံး
၂၀၀၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၅၂

ဒေါ်ခင်သန်းနွဲ့ **လျှောက်ထားသူ**
အမှတ်-၅၅၊ သံလွင်လမ်း၊
၁၀ရပ်ကွက်၊ ကမာရွတ်မြို့နယ်
ရန်ကုန်တိုင်း။

(ကွယ်လွန်သူများဖြစ်ကြသော (၁)ဒေါ်ပဲ(ခ) ဒေါ်မြတင်(ခ)မဂ္ဂီချင်တင်၊ (၂)ဒေါက်တာ အောင်ငြိမ်း(ခ)စောချောင်ဂီ၊ (၃) ဒေါ်ကင်း(ခ)မေရီချင်တင်၊ (၄) ဒေါ်ရှင်း(ခ)ဒေါ်မြင့်မြင့်အေး (ခ)လီလီချင်တင်တို့၏ ကျန်ရစ်သောပစ္စည်းများကိစ္စ)

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်(၁၀)ရပ်ကွက် သံလွင်လမ်း၊ အမှတ်(၅၅)နေ ဒေါ်ခင်သန်းနွဲ့က အထက်ပါ ကွယ်လွန်သူများဖြစ်ကြသော (၁) ဒေါ်ပဲ(ခ) ဒေါ်မြတင် (ခ) မဂ္ဂီချင်တင်၊ (၂) ဒေါက်တာအောင်ငြိမ်း (ခ) စောချောင်ဂီ၊ (၃) ဒေါ်ကင်း(ခ)မေရီချင်တင်၊ (၄) ဒေါ်ရှင်း (ခ)ဒေါ်မြင့်မြင့်အေး (ခ)လီလီချင်တင် တို့၏ သမီး/တူမဖြစ်သည်ဟူ၍ ၃-၇-၂၀၀၇ ရက်တွင် ၂၀၀၆ခုနှစ် တရားမအထွေထွေမှုအမှတ် ၃၅၂ဖြင့် လျှောက်ထားသူဒေါ်ခင်သန်းနွဲ့အား အမွေထိန်းလက်မှတ်စာထုတ်ပေးခဲ့ပြီးဖြစ်၍၊ ကွယ်လွန်သူများဖြစ်ကြသော (၁) ဒေါ်ပဲ(ခ) ဒေါ်မြတင် (ခ) မဂ္ဂီချင်တင်၊ (၂) ဒေါက်တာအောင်ငြိမ်း (ခ) စောချောင်ဂီ၊ (၃) ဒေါ်ကင်း(ခ)မေရီချင်တင်၊ (၄) ဒေါ်ရှင်း(ခ)ဒေါ်မြင့်မြင့်အေး (ခ)လီလီချင်တင် တို့၏ ကျန်ရစ်သောပစ္စည်းများအပေါ် သက်ဆိုင်ရာ အစိုးရဌာနအသီးသီးတွင် ပိုင်ဆိုင်မှုစာချုပ်၊ ပေးကမ်းစာချုပ်၊ စွန့်လွှတ်စာချုပ်များချုပ်ဆိုခြင်း၊ အမည်ပြောင်းခြင်း၊ မြေပုံမြေရာဇဝင်များရေးကူးခြင်း၊ မြေခွဲစိတ်ခြင်း၊ အိမ်အသစ်ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း အခြားနည်း လွှဲပြောင်းခြင်းများအပြင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မည့် အခြားကိစ္စရပ်များကိုပါ တရားဝင်ဆောင်ရွက်နိုင်ရန် လျှောက်ထားလာသဖြင့် ကန့်ကွက်သူမည်သူမဆို ဤရုံးသို့ ၂၀၀၇ခုနှစ်ဇူလိုင် ၃၁ရက်နံနက် (၉:၃၀)နာရီအချိန်တွင် ၎င်းတို့ လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူဒေါ်ခင်သန်းနွဲ့၏ လျှောက်ထားချက်ကို ကြားနာ၍ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇အရ ရသင့်၊ မရသင့်ကြောင်းကိုစီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၇ ခုနှစ် ဇူလိုင် ၁၂ရက်တွင် ဤတိုင်းတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်ဆွေရီ
တွဲဖက်တိုင်းတရားသူကြီး(၁)
ရန်ကုန်တိုင်း တရားရုံး။

EDUMAP Language Centre

- General English Course (4 Skills)
- Spoken English
- Grammar & Writing
- Chinese,Japanese,Korean,Malay, Thai,German,French
- Crash Course in Going Abroad (နိုင်ငံခြားသွားအထူးအမြန်သင်တန်း)

တိုက်(၁)၊အခန်း၁၈(ပ-ထပ်)၊အင်းစိန်လမ်း၊လှည်းတန်း လမ်းဆုံအနီး၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့ 📱 095191046 ☎ 505965

အမည်ဖြည့်စွက်ခြင်း

အဖ ဦးလောဟန်၏ သမီး မိုးကောင်းမြို့ အထက (၂) နဝမတန်း (D)မှ မနွဲ့နှောင်းအား မနွဲ့နွဲ့နှောင်းဟု ဖြည့်စွက်ခေါ်ပါရန်။ **မနွဲ့နွဲ့နှောင်း။**

LWIN CAR RENTAL
နေပြည်တော်နှင့် ပျဉ်းမနားတွင် ကားမျိုးစုံငှားရမ်းလိုပါက ဆက်သွယ်နိုင်ပါသည်။
ကိုတင်အောင်ဝင်း
ဖုန်း- ၀၆၇-၂၁၂၄၇
၀၆၇-၂၁၃၅၂၊ ၀၆၇-၂၂၆၉၄။

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့ သပြေကုန်းရပ်ကွက် ကန်တော်ကလေး(မြောက်)၊အိမ်အမှတ် ၇၉၊ (၆-လွှာ)၊ ၁၂၃လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ မောင်မောင်သန်း(ခ) ရာဆင်း၏ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်သန်း၏ ညီဖြစ်သူမောင်မောင်လေး(ခ) နာဆင်းသည် အစ်ကို၏ ဆုံးမစကားကို နားမထောင်ပါသဖြင့် ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့အား (လုံးဝ)တာဝန်မယူပါကြောင်း အများသိစေအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှမောင် B.A, H.G.P
အထက်တန်းရှေ့နေ
စဉ်-၁၈၂၀၂
အမှတ် ၅၀၊ အခန်း:C- 7/ 8 ပထမထပ်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မြေတိုင်းရပ်ကွက်အမှတ် ၃၇ မြေကွက်အမှတ် ၁၂၀၃၊ မြေကွက်တည်နေရာ အမှတ် ၁၂၀၃၊ ပင်လုံလမ်း ၃၇ရပ်ကွက် ဒဂုံမြောက် (ဦးတင်အောင်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးတင်အောင် ကွယ်လွန်သဖြင့် ဒေါ်နီနီအေး ၁၂/ဒဂန (နိုင်) ၀၁၂၄၈၃က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

သတိပေးတားမြစ်ခြင်း

ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်း အမှတ် ၈၆ နေ ဦးကျော်မြင့်(ခ)အဒူရော်သိတ် ၁၂/ကတတ(နိုင်)၀၂၄၄၀၀ နှင့် ဝါးခယ်မမြို့ မြသိန်းတန်ရပ်ကွက် ရွာလယ်ဗလီလမ်းနေ မသီတာနွယ်အောင်(ခ)မဆွာဘေရာဘီ ၁၄/ဝခမ(နိုင်)၁၄၃၅၂၈ တို့သည် ၁၂-၅-၂၀၀၆ ရက်စွဲပါ နှစ်ဦးသဘောတူလင်မယားတွလာက်ပေးကွာရှင်းပြတ်စဲစာချုပ်ဖြင့် နှစ်ဦးသဘောတူလင်မယား ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထို့ကြောင့် ၁၂-၅-၂၀၀၆ ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး မသက်ဆိုင်တော့ဘဲ တစ်ဦးကိုတစ်ဦးနှောင့်ယှက်လျှင်လည်း ဥပဒေအရအရေးယူရန် သဘောတူထားခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ မသီတာနွယ်အောင်(ခ)မဆွာဘေရာဘီသည် ဦးကျော်မြင့်နေထိုင်ရာ အနီးပတ်ဝန်းကျင်တွင် လာရောက်ပြီး ဦးကျော်မြင့်၏ ဂုဏ်သိက္ခာကျဆင်းဖွယ်ရာ ပြောဆိုသမုတ်ခြင်းများပြုလုပ်နေကြောင်း ကြားသိရသဖြင့် ယင်းလုပ်ရပ်များကို ဆက်လက်မပြုလုပ်ရန် သတိပေးတားမြစ်ပါသည်။ ဆက်လက်ပြုလုပ်နေပါက မသီတာနွယ်အောင်(ခ)မဆွာဘေရာဘီနှင့်တကွ အားပေးကူညီပြုလုပ်နေသူများအားလုံးကို ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်လွင် B.Com. (A.A), D.E.P, R.L
တရားရုံးချုပ်ရှေ့နေ (၂၈၅၉)၊ အမှတ် ၁၉၊ ၁၂၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

စာမျက်နှာ ၁၅ ဆောင်းပါးမှအဆက်

ဒေါက်တာ ဝင်းမာထွန်း၊ ဒေါက်တာ သန္တာထွန်းတို့က အတွင်းတိမ်လူနာ ၁၁၀ကိုချက်ချင်း ခွဲစိတ်ပေးခဲ့ကြသည်။ ကုန်ကျစရိတ်အဝဝကို ဦးအောင်မြတ်ကပင် ဆက်လက်တာဝန်ယူခဲ့သည်။ ယခုခရီးစဉ်တွင် အတွင်းတိမ်လူနာပေါင်း ၅၁၆ဦးကို အလင်းပေးနိုင်ခဲ့ပြီဖြစ်သောကြောင့် ကျွန်မတို့သွားခဲ့ဖူးသည့် ခရီးစဉ်များအနက် ဤခရီးသည် အတွင်းတိမ်ခွဲစိတ်မှုနှုန်းထားအမြင့်ဆုံး၊ ပြင်ပလူနာအများဆုံး ကြည့်ရှုပေးနိုင်ခဲ့သော ခရီးစဉ်ဖြစ်ပါသည်။

ဤဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသဖြစ်၍ မိုးနည်း၊ ဖုန်ထူ၊ နေပူသောဒေသဖြစ်ရာ အတွင်းတိမ်၊ ရေတိမ်အပြင်၊ မျက်သားတက်လူနာ၊ မျက်ခမ်းစပ်လူနာများကို များပြားစွာတွေ့ခဲ့ရသည်။ မျက်မမြင်ကာကွယ်ရေးနှင့် မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးစီမံချက်၏ အောင်မြင်မှုများကြောင့် ယခုအခါ မျက်ခမ်းစပ်ရောဂါ (Active Case)များကို မတွေ့ရှိရတော့ပါ။ မျက်ခမ်းစပ် ဖြစ်ခဲ့ဖူးသည့် နောက်ဆက်တွဲ ဝေဒနာ၏အကြွင်းအကျန်ဖြစ်သော မျက်တောင်မွေးစိုက်ခြင်း၊ မျက်ကြည်လွှာအနာရွတ်စသည့် လူနာများကိုသာ တွေ့ရှိခွဲစိတ် ပြုပြင်မှုများ ပြုလုပ်ပေးနိုင်ခဲ့ကြသည်။

မျက်သားတက်လူနာများမှာမူ များပြားလွန်းလှပြီး မျက်ကြည်လွှာအပေါ်(သူငယ်အိမ်အဝ အပေါ်ဘက်) အထိပင် ဖုံးအုပ်နေသူများမှာ စုစုပေါင်း ခုနစ်ရာခန့်ရှိပြီး မျက်သားတက်စပြုသူ လူငယ်လူရွယ်ပိုင်းများပင် တစ်ထောင်ခန့်ရှိသည်ကို စစ်တမ်းကောက်ယူနိုင်ခဲ့ရာ ထိုလူနာများအတွက် နောင်တစ်ချိန်စီစဉ်မှုများ ပြုလုပ်ပေးဖို့ လိုအပ်နေပြီဖြစ်သည်။ မျက်သားတက်ခြင်းသည် သူငယ်အိမ်အဝအပေါ်ဘက်ရှိ မျက်ကြည်လွှာပေါ်အထိ ဖုံးအုပ်သွားပြီဆိုလျှင် ပြင်ပမှ အလင်းတန်းများသည် မြင်လွှာရှိရာသို့ မကျရောက်နိုင်တော့သဖြင့် အမြင်အာရုံ ဆုံးရှုံးရမည်ဖြစ်သည်။ ထိုမျက်သားတက်ခြင်းကို ခွဲစိတ်ပြုပြင်ပေးလျှင် နဂိုမူလအမြင်အာရုံကို ပြန်လည်ရရှိနိုင်ပါသည်။ နေရောင်ခြည်နှင့် တိုက်ရိုက် ထိတွေ့နေရသော နေပူထဲ အလုပ်လုပ်ကြသည့် တောင်သူလယ်သမားဦးကြီးများ၊ စက်ရုံ အလုပ်ရုံဝန်ထမ်းများ၊ ဈေးသည်များ၊ လူငယ်လူရွယ်များပါမကျန် ဖြစ်ပွားနိုင်ကြသဖြင့် ကာကွယ်မှုသည်လည်း အရေးကြီးကြောင်း ပညာပေး ဟောပြောခဲ့ရပေသည်။

ထို့ပြင် တောင်သာနယ်တွင် မျက်မှန်ပါဝါလိုအပ်သူ ၄၀၃၄ ဦးကို စမ်းသပ်စစ်ဆေးပေးခဲ့ရာ ထောင်ပေါင်းများစွာသော လူအုပ်ကြီးအလယ်တွင် မျက်မှန်ကျွမ်းကျင်ဦးစုအေးနှင့် ဦးစိုးလှိုင်တို့မှာ နားချိန်ပင်မရှိ ဖြစ်ခဲ့ရသည်။ အခြားခရီးစဉ်များနှင့်မတူသည်မှာ ဤခရီးစဉ်တွင် မျက်မှန်ပါဝါလိုသူများကို လိုအပ်သောပါဝါအတိုင်း တစ်ပါတည်းမျက်မှန် ပေးလှူနိုင်ခြင်းကြောင့် အမြင်အာရုံကို ချက်ချင်းပိုကောင်းစေခဲ့ပါသည်။

မျက်စိခွဲစိတ်မည့် လူနာများအနက်မှ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများကို မြင်းခြံခရိုင်ဆေးရုံကြီးမှ အထွေထွေအထူးကု သမားတော်ဖြစ်သည့် ဒေါက်တာလဲ့လဲ့သိန်းက လာရောက်၍ စစ်ဆေးကုသမှုပေးခဲ့ရာ ထိုလူနာများကို အခက်အခဲမရှိ ခွဲစိတ်ပေးနိုင်ခဲ့ခြင်းကလည်း ဝမ်းသာစရာပင်ဖြစ်သည်။

ထို့ကြောင့်ပင် အဘက်ဘက်မှ စီမံပေးခဲ့သူများ၊ ကြီးကြပ်အားပေးခဲ့သူများ၊ အလှူရှင်နှင့် စေတနာရှင်များ၊ ကူညီပံ့ပိုးပေးခဲ့ကြသူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရပါသည်။

ဤသို့သော ကျေးဇူးတင်စကားကို မျက်စိဝေဒနာရှင်များကလည်း နှုတ်ကရော၊ နှလုံးသားကပါ ပြောကြားနေမည်မှာ မုချမလွဲပါ။

ပြည်သူလူထု၏ အလင်းခါတ်များ ပြန်လည်ဖော်ဆောင်ပေးရန်အတွက် ရုပ်ဝတ္ထုအင်အားများ ပြည့်စုံရုံမျှမက အထက်ကဆိုခဲ့ပြီးသော ကြီးကြပ်စီစဉ်သူနှင့်အလှူရှင်များကူညီပံ့ပိုးမှု၊ မျက်စိ ဆရာဝန်များ၏ ကုသမှုအပိုင်း ကျွမ်းကျင်မြန်ဆန်မှု၊ ၎င်းတို့ထက်ပို၍ ထိုသူတို့၏နှလုံးသားမှ ယိုစီးကျလာသော အဖြူရောင် စေတနာမေတ္တာများ၊ မျက်စိဝေဒနာရှင် အားလုံးရာနှုန်းပြည့်မြင်စေလိုသော လှိုက်လှဲဝေဖြာသည့် စိတ်စွမ်းအင်များ၊ အပင်ပန်းခံ၍ အားထုတ်ရယူအပ်သော ဇွဲ၊ လုံ့လနှင့်အတူ ကြုံလာရသည့် အခက်အခဲ အနှောင့်အယှက်ကို သည်းခံကျော်လွှားနိုင်မှုများပါ ပြည့်စုံသောကြောင့်သာ အရာရာ အောင်မြင်နိုင်ခဲ့ခြင်း ဖြစ်သည်။

အမှန်တော့ ကျွန်မတို့သည် **ပြည်သူထံသို့ ပေးရန်လာခြင်းပင်၊ ပြည်သူထံမှ ရယူရန်လာခဲ့ခြင်း မဟုတ်၊ လောကဩ ယူရန်လွယ်သလောက်၊ ပေးရန်ခက်ခဲလှသည်... ။ ဤမှန်ကန်သော သစ္စာ၊ ဖြူစင်သော မေတ္တာတို့ဖြင့်၊ ထုံမွှမ်းအပ်သော မိမိတို့၏ လုပ်အားဒါနဖြင့် ပြည်သူတို့၏ စက္ခုအလင်းကို ဖော်ဆောင်ပေးနိုင်ခဲ့ခြင်းအတွက် အားရကျေနပ် ပီတိဖြစ်ကြရပါသည်။**

ယနေ့အောင်ပွဲသည်ကား မည်သည့်နေရာမှာမှ မတွေ့နိုင်ခဲ့ဖူးသော အသင်းအဖွဲ့ပေါင်းစုံ၏ စည်းလုံးညီညွတ်မှုအောက်မှ တောင်သာမြို့၏ **အလင်းအောင်ပွဲ**ပင်ဖြစ်ရာ ဆရာဆုထူးရှင်(ပညာရေး တက္ကသိုလ်)၏ 'အသင်းခြွေရုံသော အလင်းစေတမန်' ဟူသော စကားလေးက ကျွန်မရင်ထဲ ရောက်ရှိခဲ့ပြန်သည်။ မှန်ပေသည်။ ထိုအလင်းစေတမန်တို့၏ တစ်သားတည်း ထပ်တူကျနေကြသော စိတ်စေတနာများကြောင့်သာ ဤသို့ ခြိမ့်ခြိမ့်သဲသဲ အောင်ပွဲဆင်နိုင်ခဲ့ခြင်းပင်။ စီစဉ်ပေးသူတို့၏ အားထုတ်ကြိုးပမ်းမှုများက **'နေမင်း၏ အလင်း'**ဆိုပါလျှင်၊ အလှူရှင်၏ မွန်မြတ်သော စေတနာတို့က **'လမင်းတစ်စင်း၏ အေးမြမှု'**နှင့် ပုံခိုင်းရမည်သာ၊ ကျွန်မတို့ မျက်စိဆရာဝန်တွေကရော၊ မလင်းတစ်ချက် လင်းတစ်ချက် မှိတ်တုတ် မှိတ်တုတ် ကိုယ်ပိုင်အလင်းဖြင့် လင်းအားယူနေရရှာသော ကြယ်တာရာလေးများအား နေရောင်လရောင်ပမာ အလင်းခါတ်တွေ အထင်အရှားဖြာထွက်နိုင်စေဖို့ အလင်းဖွင့်ပေးခဲ့တဲ့ **အလင်းဖန်တီးရှင်**တွေပင် မဟုတ်ပါလား... ။ ။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)သာမက ဒေသအသီးသီး၌ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လျက်ရှိ ၂၀၀၆-၂၀၀၇ ခုနှစ် စပါးတင်းသန်း ၁၅၀၀ ထွက်ရှိရေး လျာထားချက်ကျော်လွန်အောင် ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီတွင် မော်တော်ယာဉ်များဖြင့် တာချီလိတ်မြို့မှ ထွက်ခွာလာရာ လမ်းတစ်လျှောက် လမ်းအခြေအနေ၊ လမ်းဘေးဝဲယာ စပါးစိုက်ခင်းများ၊ ကလေး-မိုင်းဖြတ် လမ်းတစ်လျှောက် ဖွံ့ဖြိုးစည်ပင် စိမ်းလန်းစိုပြည်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။

တက်ရောက်ချီးမြှင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာများမှ တိုင်းရင်းသားတောင်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✱

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ၏ စွမ်းအားဖြင့် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားမြှင့်တင် အနာဂတ်နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေး ပညာရေးကဏ္ဍက ပါဝင်စွမ်းဆောင်

နေပြည်တော် ဇူလိုင် ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ မော်လမြိုင်တပ်နယ်အတွင်းရှိ တပ်မတော်အရာရှိများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးရွာသွန်းလေသမျှ

(၂၂-၇-၂၀၀၇)

မောင်တော	၅ ဒသမ ၀၀ လက်မ
ဝ	၃ ဒသမ ၄၂ လက်မ
ကျောက်တော်	၂ ဒသမ ၈၄ လက်မ
ပဲခူး	၂ ဒသမ ၆၀ လက်မ
ဇောင်းတူ	၂ ဒသမ ၆၀ လက်မ
မိုးကုတ်	၂ ဒသမ ၄၄ လက်မ
သာယာဝတီ	၂ ဒသမ ၃၂ လက်မ
ကျောက်ဖြူ	၂ ဒသမ ၁၃ လက်မ

အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၇ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့်စပ်လျဉ်း၍ အလုပ်ကျသဘာပတိအဖွဲ့ဝင်များ၏ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနှင့်စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို အတွင်းစာမျက်နှာ ၄၊ ၅၊ ၆ နှင့် ၇ တို့တွင် ဖတ်ရှုနိုင်ပါသည်။ (သတင်းစဉ်)